http://www.dhammadownload.com

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ဝထမပြန်စာမေးပွဲအတွက်

ရှေးမျှင်းသဒ္ဒါသင်္ဂဟပ်

ပထမတွဲ

လှိုင်းနှစ်၊ ကာရက၊ အရာတ်၊ ဂီတ်

ပွောစရိယ = အရှင်ရာဇိန္ဒ = လှိုင်းထက် (တောင်သာ)

ဝိုယ်းကောင်းကျောင်းပရိယတ္တိအသင်တိုက်၊
အမှတ်(၁၉)ရပ်ကွက်၊ ရန်ကင်းပြုနယ်၊ ရန်ကုန်တိုင်းဒေသကြီး။

သာသနာတော်ဖွန်း - ၂၅၅၆ ကောသေရှာရာပ်- ၁၃၇၄၃

http://www.dhammadownload.com

ဝတ္ထောဆာသ သဟေ ဩထာထော နာမ နက္ကိ

သုတ်ဖြင်လျှင် ရုပ်သင်ချို၊ ရုပ်ဖြင်လျှင် သုတ်အစ်အရင်ငင်ခိုင်ရဉ်။

စာအုပ်ရင်ထွင်းကေား
ထောထုနောင်ထွား စာသင်သားထို့
ကျွန်ုပ်ကိုပင် သင်ထွေ့မြင်ရ
ဤကာစာဝယ် သတောကျွတွယ်ခြင်း
သစ်ခုမျှဖြင့် ဝယ်ယူပြုသောင်
ကျွန်ုပ်မပျော် အကြောင်းဇော်သော်
အချို့သော်ကား
အဝယ်ရွယ်ရွက် အဓိပ်ခက်
နှုတ်ထက်သစ်ရာ သစ်ဆုံးစာယူ
စဉ်ဆာရှေးထုံး နှဆုံးမမှု
ရေးယူမှုဖြင့် ပြက်ရယ်သည့်ပမာ
ပစ်ချိုသားသက် မပြုအပ်ဧာ
ကျွန်ုပ်ဝမ်းစာ ဤပညာကို
ဆေးလာဇယ်ရှု ဆွဲမှတ်ပြုမှ
ထိုးသက်သင့်မှာ ထိုပညာ
ပွဲသဝင်ထင့် ဆွန်ရရင့်မှာ
အဆင်သင့်ထုံ အခါ သင်နှင့်ဝါ
မျက်နှာချင်းဆိုင် ဆွေးနွေးနိုင်မှ
ဆေါင်ကျွန်
သင့်မှာပညာ ကျွန်ုပ်ကဝမ်းသာ
နှစ်ဖြာနှစ်ဦး အကျိုးထုးမည့်
ရည်ရုံး အနုတောသည်း

ဒေါ်ဒါန+ဘလျှုဂြင်
ရုတန်းမိုသကာ၊ မိုသိကာမ
ဦးအန်နီ + အရာမမေါ်ကျိုကြိုင်
သား ကိုမင်းထက် ဗိသားရုတောင်းမှု
နိုဗွာနိုဆု

http://www.dhammadownload.com

ဝေညာဆာသ သဟေ ဩဘာသော နာဓ နတ္ထိ

သုတ်ခြင်လျှင် ရှင်သင်စ်၏ ၊ ရှင်ခြင်လျှင် သုတ်အစ်အရင်ငင်နိုင်ရမည်။



[illegible]

ဒေါ်ဒိန်း၊ အလွှေကြင်
ရုပ်နိုးမိုးသာ၊ မိုးမိုးသာ
ဦးအန်နီ ၊ အရာမပေါ်ကျိုးမြိုင်
သား ကိုပင်းထက် မိသားစုကောင်းမှု
နိုးမှာနိုးမှု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဝထမြန်စာဇေးပွဲအတွက်

ရှေးမှုဉ်းသဒ္ဒါသင်္ဂပကျမ်း



ပထမတွဲ

[illegible]

ဒေါ်ဒိန်း = အရှင်ရာဓိန္ဒ = လှိုင်းထက် (တောင်သာ)

ပိုယ်းကောင်းကျောင်းပရိယတ္တိတသင်တိုက်၊
အမှတ်(၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

သာသနာတော်ဖွန်း - ၂၅၅၆ ကောဇသရှာရာမ် - ၁၃၇၄၃

http://www.dhammadownload.com

ရွှေစည်းမျဉ်းသဒ္ဒါသခေ်ပကျမ်း

(ပထမတွဲ)

မြောစရိယအရှင်ရာဇိန္ဒ

လှိုင်းထက်(တောင်သာ)

ဆက်သွယ်ရန်ဖုန်းနံပါတ်

၀၉-၄၂၁၁၀၅၅၉၄

http://www.dhammadownload.com

"ပုံနှိပ်ဓှတ်တမ်း"

စာမူခွင့်ပြုချက်အမှတ်	-	၆၀၀၃၈၂၀၅၁၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ်	-	၆၀၀၃၆၅၀၅၁၂
ထုတ်ဝေသူ	-	ဦးစိုးတင့်(ရွှေပြည်သာစာပေ) ၆/၁၀ ချင်းတွင်းလမ်း၊ ရွှေပြည်သာ
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ	-	ဦးစွန်ကော်ယု(မြဲ)၀၅၅၅၇ မာကျူရီပုံနှိပ်တိုက်
မျက်နှာဖုံး၊ဒီဇိုင်းဖလင်	-	မြတ်ကွန်ပျူတာ(စာစီ၊ ဒီဇိုင်း၊ မိတ္တူ ဆိုင်အမှတ်(၂၁၇)ဆိပ်ကမ်းသာ)
အတွင်းဖလင်	-	ဦးထွန်းဆိုင်
အုပ်ရေ	-	၁၀၀၀
တန်ဖိုး	-	၂၀၀၀ ကျပ်
ပုံနှိပ်ခြင်း	-	ပထမအကြိမ်၊ ၂၀၁၂၊ မေလ။
စီစဉ်သူ	-	မွှောစရိယအရှင်ရာဇိန္ဒလှိုင်းထက်တောင်သာ
ဖြန့်ရှိရေး	-	သန်းမြင့်မြင့်(ပိဋကတ်စာအုပ်ဆိုင်) အမှတ်(၃၇)၊ ရွှေတိဂုံတောင်ဘက်ဈေးတော်ရုံ၊ ဒဂုံစာတိုက်၊ ရန်ကုန်မြို့။

ရာဇိန္ဒ၊အရှင်၊လှိုင်းထက်(စီစဉ်သည်) ၂၉၄.၃

ရွှေစည်းမျဉ်းသဒ္ဒါသခေါ်ပကျမ်း(ပထမတွဲ)

အရှင်ရာဇိန္ဒ(တောင်သာ)

ရွှေပြည်သာစာပေ

http://www.dhammadownload.com

မာတိကာ

အကြောင်းအရာ	စာမျက်နှာ
နိဒါန်း	
စာအုပ်မိတ်ဆက်	က
စာအုပ်စီစဉ်ထားပုံ	ဂ
ကျေးဇူးတင်လွှာ	၉
တိုက်တွန်းလွှာ	ဆ
သိန္ဓိကျမ်းအညွှန်း မိတ်ဆက်အမှာစာ	၁
သညာဝိဓာန	၂
သရသန္ဓိဝိဓာနကဏ္ဍ	၃
ပကတိ သန္ဓိဝိဓာန	၁၃
ဗျဥ္ဇန သန္ဓိဝိဓာန	၁၄
နိဂ္ဂဟိတ သန္ဓိဝိဓာန	၁၈
မိတ်ဆက်အမှာစာ နာမ်ကျမ်းအညွှန်း	၂၆
နာမ်အစ	၃၁
အာလုပ်သိဝိဘတ်ကို စီရင်ရာသုတ်နှင့်ရှုပ်မျှား	၃၂
အာလုပ်ယောဝိဘတ်ကို စီရင်ရာသုတ်နှင့်ရှုပ်မျှား	၃၆
သိဝိဘတ်ကိုစီရင်ရာ သုတ်နှင့်ရှုပ်မျှား	၃၇
ယောဝိဘတ်ကို စီရင်ရာသုတ်နှင့်ရှုပ်မျှား	၄၃
အံဝိဘတ်ကိုစီရင်ရာ သုတ်နှင့်ရှုပ်မျှား	၅၄
တတိယာနာဝိဘတ်ကိုစီရင်ရာ သုတ်နှင့်ရှုပ်မျှား	၅၉
တတိယာ,ပဉ္စမီဟိဝိဘတ်ကို စီရင်ရာသုတ်နှင့် ရှုပ်မျှား	၆၅
စတုတ္ထီ, ဆဋ္ဌီသဝိဘတ်ကိုစီရင်ရာသုတ်နှင့်ရှုပ်မျှား	
စတုတ္ထီ,	၆၈

http://www.dhammadownload.com

ရွှေစည်းမျဉ်းသဒ္ဒါ သင်္ခေပကျမ်း

ဆဋ္ဌီဗဟုဝုစ်နံဝိဘတ်ကိုစီရင်ရာသုတ်နှင့်ရုပ်များ ၇၇
သ္မာဝိဘတ်ကို စီရင်ရာသုတ်နှင့်ရုပ်များ ၈၃
သ္မိံဝိဘတ်ကိုစီရင်ရာ သုတ်နှင့်ရုပ်များ ၈၇
သုဝိဘတ်ကိုစီရင်ရာ သုတ်နှင့်ရုပ်များ ၉၅
နာမ်စတုတ္ထပိုင်းနှင့်ပဉ္စမပိုင်းလာ
ပစ္စည်းကိုစီရင်ရာ သုတ်နှင့်ရုပ်များ ၁၀၀
တောပစ္စည်း ပဉ္စမီအနက် ၁၀၂
သတ္တမီအနက် ၁၀၄
ဣယ, ဣဋ္ဌပစ္စည်းတို့ကို စီရင်ရာသုတ်နှင့်ရုပ်များ ၁၀၈
အာဒေသအပြုတူသော သုတ်နှင့်ရုပ်များ ၁၁၁
မိတ်ဆက်အမှာစာ ကာရကကျမ်းညွှန်း ၁၂၇
ပဌမာဝိဘတ်သက်သော သုတ်နှင့်စီရင်သော
သုတ်ရုပ်များ ၁၂၈
ဒုတိယာဝိဘတ်သက်သော သုတ်နှင့်စီရင်သော
သုတ်ရုပ်များ ၁၂၉
တတိယာဝိဘတ်သက်တဲ့ သုတ်နှင့်ကရိုဏ်းအမည်
မှည့်သောသုတ်ရုပ်များ ၁၃၁
သုဒ္ဓကတ္တားအမည်မှည့်သောသုတ် ၁၃၂
စတုတ္ထီဝိဘတ်သက်တဲ့ သုတ်သမ္ပဒါန်
အမည်မှည့်သော သုတ်များ ၁၃၄
ပဉ္စမီဝိဘတ်အနက်အပါဒါန်အမည်မှည့်သောသုတ်များ ၁၃၇
ကာရကနှစ်ပါးအလယ်ပုံစံ ၁၃၉
ဆဋ္ဌီဝိဘတ်အနက်သက်တဲ့သုတ်,
သာမီအမည်မှည့်သောသုတ် ၁၄၄
သတ္တမီဝိဘတ်သက်တဲ့သုတ် ဩကာသ
အမည်မှည့်သောသုတ် ၁၄၇

http://www.dhammadownload.com

အာချာတ်ကျမ်း မိတ်ဆက်အညွှန်း	၁၅၂
အာချာတ်အစ	၁၅၃
ဆရာတော်၏ ဝါကျရေးသားနည်း	၁၅၅
အာချာတ်ကျမ်းရှုပ်ပြီးအောင် စီရင်သောသုတ်များအတွဲ	
ပစ္စုပ္ပန် ဝတ္ထုမာန်ဝိဘတ် အစီအရင်	၁၆၃
ပဌမီဝိဘတ်ဆိုင်ရာ ရှုပ်ပြီးအောင်ပြုသော	
သုတ်အစီအရင်များ	၁၇၀
သတ္တမီဝိဘတ်ဆိုင်ရာ ရှုပ်ပြီးအောင်ပြုသော	
သုတ်အစီအရင်များ	၁၇၁
အတီတ်, ပရောက္ခာဝိဘတ်ဆိုင်ရာ ရှုပ်ပြီးအောင်	
ပြုသောအစီရင်များ	၁၇၂
ဟိယျတ္တနီဝိဘတ်ဆိုင်ရာ ရှုပ်ပြီးအောင်ပြုသော	
သုတ်အစီရင်များ	၁၇၄
အဇ္ဇတနီဝိဘတ်ဆိုင်ရာ ရှုပ်ပြီးအောင်ပြုသော	
အစီအရင်များ	၁၇၅
အနာဂါတ်ဝိဘတ်ကဏ္ဍ ဘဝိဿန္တိဝိဘတ်ဆိုင်ရာ	
ရှုပ်ပြီးအောင်ပြုသော သုတ်အစီရင်များ	၁၇၉
ကာလာတိပတ္တိဝိဘတ်ဆိုင်ရာ ရှုပ်ပြီးအောင်ပြုသော	
သုတ်အစီရင်များ	၁၈၁
ပစ္စည်းကဏ္ဍ	၁၈၃
ခ, ဆ, သ ပစ္စည်းတို့သက်သောသုတ်	
ခပစ္စည်းနှင့်ဆိုင်ရာ ရှုပ်ပြီးအောင်စီရင်ရာသုတ်	၁၈၄
ဆပစ္စည်း	၁၈၅
သပစ္စည်း	၁၈၆
အာယပစ္စည်း	၁၈၇

http://www.dhammadownload.com

ရှေစည်းမျဉ်းသဒ္ဒါ သခေါ်ပကျမ်း

ဤယပစ္စည်းဏောပစ္စည်းဏယပစ္စည်း
ဏာပေပစ္စည်းဏာပယပစ္စည်း ၁၈၈
ဏယပစ္စည်းအာရပစ္စည်း အာလပစ္စည်း ၁၉၀
ဝိကရဏပစ္စည်းများကဏ္ဍ ဘူဝါဒိဂုဏ်းအပစ္စည်း ၁၉၁
ရူဓာဒိဂုဏ်း အပစ္စည်း ၁၉၂
ဒိဝါဒိဂုဏ်းယပစ္စည်း ၁၉၃
သွာဒိဂုဏ်းဏုပစ္စည်း ဏာပစ္စည်းဥဏာပစ္စည်း
ကိယာဒိဂုဏ်နပစ္စည်း ၁၉၄
ဂဟာဒိဂုဏ်းပွပစ္စည်း ဏှာပစ္စည်း ၁၉၅
တနာဒိဂုဏ်းဩပစ္စည်း, ယိရပစ္စည်း ၁၉၆
စုရာဒိဂုဏ်း ဏောပစ္စည်း ဏယပစ္စည်း ၁၉၇
ကာရိတ်ပစ္စည်း ၁၉၈
ဘောအနက်, ကံအနက်ဟောယပစ္စည်း ၂၀၁
အဘ္ဘာသကဏ္ဍ ၂၀၆
ဓာတ်ကဏ္ဍ ၂၁၁
ဓာတ်အစိတ်အဆုံးသရကိုချေသောသုတ် ၂၁၄
သရကဏ္ဍ ၂၁၅
ကာရီယ ၅ ချက်စီရင်သောသုတ်ကြီး ၂၁၆
မိတ်ဆက်အမှာစာ ကိတ်ကျမ်းအညွှန်း ၂၁၇
အပစ္စည်းကိုသက်သော သုတ်နှင့်အပစ္စည်းကို
စီရင်ရာသုတ်ရုပ်များ ၂၁၈
အာဝီပစ္စည်း ၂၂၀
အနီယပစ္စည်း, အန္ဓပစ္စည်း, ဂ္ဂပစ္စည်း ၂၂၁
ဂ္ဂနပစ္စည်း, ဂ္ဂကပစ္စည်း ၂၂၂
ကွိပစ္စည်း ၂၂၃
ကာရပစ္စည်း, ခပစ္စည်း,ဏပစ္စည်းသက်သောသုတ် ၂၂၄

http://www.dhammadownload.com

ဏ္ဍုပစ္စည်း ၂၂၆
ဏီပစ္စည်း,ဏုကပစ္စည်းသက်သောသုတ် ၂၂၇
ဏျပစ္စည်း,ဏအနူဗန်ကြောင့် စီရင်သောသုတ်များ ၂၂၈
တပစ္စည်း,တဝေပစ္စည်း,တုံပစ္စည်း,တဗွပစ္စည်း ၂၃၆
တိပစ္စည်း,တုပစ္စည်း,တုကပစ္စည်း ၂၃၈
တုံပစ္စည်း,တုန,တွာန,တွာ,ပစ္စည်းသက်သောသုတ် ၂၄၂
တ,တုန,တွာန,တွာပစ္စည်းကိုပြုသောသုတ်နှင့်ရုပ်များ ၂၄၃
တဗွ, တဝေ, တု တုန, တွာန, တွာ, တဝန္တ
ပစ္စည်းတို့ပြုကြောင်းရုပ် ၂၅၄
မာနပစ္စည်း,ယုပစ္စည်း ၂၅၃
ရပစ္စည်း ၂၅၉
ရူပစ္စည်း ၂၆၀
ရမ္ဘပစ္စည်း ၂၆၁
ရိစ္ဆ ပစ္စည်း, ရိရိယပစ္စည်း ၂၆၂
ရတ္ထုပစ္စည်း, ရိတုပစ္စည်း, ၂၆၃
ရာတုပစ္စည်း,တစ်သုတ်ခြင်းစီရင်သောသုတ်များ ၂၆၄
ပစ္စယ ဝိဓိသုတ်များအကျဉ်းရာစဉ် စုစည်းမှု ၂၃၀

http://www.dhammadownload.com

http://www.dhammadownload.com

ရွှေစည်းမျဉ်းသဒ္ဒါ သင်္ခေပကျမ်း

နိဒါနိုး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ပညာသုတ၊ မရသေးစွာ၊ ကျမ်းဂန်စာကို၊ နှုတ်မှာ အမြဲ၊ တက်နိုင် ခဲ၏၊ နှုတ်ထဲ လေ့လေ့၊ တက်နိုင်၍လည်း၊ မမေ့မှတ်စွဲ၊ ဆောင်နိုင်ခဲ့၏၊ ဝမ်းထဲအကယ်၊ ဆောင်မှတ်လွယ်လည်း၊ ဓိပ္ပာယ်အနက်၊ ဝက်ဝက်ဝေခွဲ၊ သိနိုင်ခဲ၏။

(မဃဒေဝ-နှာ ၄၄၃၊ ပိုဒ်-၆၀၃)

ဓမ္မာစရိယသဂြိုဟ်

မသင်ကြားရသေးသော ကျမ်းဂန်စာပေကို ကျက်မှတ်ရခြင်းသည် ခက်ခဲပင်ပန်း၏။ ထို့ထက် ကျက်မှတ်ပြီးသား စာပေများကိုမမေ့မပျောက် နှုတ်တက်ရောက်အောင် အာဂုံ ဆောင်ထားရခြင်းသည်ပို၍ ခက်ခဲပင်ပန်း၏၊ ထို့ထက် အာဂုံနှုတ်တက် ဆောင်ရွက်ပြီးသား စာပေများ၏ အနက်ဓိပ္ပယ်အဆုံးအဖြတ် အမှန်ကိုနက်နက်နဲနဲ ထဲထဲဝင်ဝင် သိမြင်ရခြင်းသည် ပို၍ခက်ခဲပင်ပန်း၏။

ထိုထက် မိမိသိမြင်ပြီးသား စာပေများကို သူတစ်ပါးနားလည်အောင် ဟောပြောပြသသင်ကြား ပေးရခြင်းသည် ပို၍ခက်ခဲပင်ပန်း၏။

မိမိအနေဖြင့်မူ ထိုအရာအားလုံးထက် သိမြင်ပြီးသားစာပေကျမ်းဂန်၏ အနက်ဓိပ္ပာယ်များကို သူတစ်ပါးနားလည်အောင် ရေးသားတင်ပြရခြင်းသည် အခက်ခဲဆုံးအရာဟု ထင်ပေသည်။အဘယ့်ကြောင့်ဆိုသော် မိမိသည်ကျွမ်းကျင်သောစာရေးဆရာတစ်ယောက်မဟုတ်သောကြောင့် ဖြစ်ပေသည်။

သို့သော်လည်း အတက်နိုင်ဆုံးအများနားလည် လွယ်ကူအောင်ကြိုးစား၍ စီရင်ရေးသားထားပါသောကြောင့် သဒ္ဒါဘာသာလေ့လာသူများ သဘောပေါက် ရှင်းလင်း၍ နှစ်သက်နိုင်လိမ့်မည်ဟုမျှော်လင့်ပါသည်။

http://www.dhammadownload.com

http://www.dhammadownload.com

စာအုပ်မိတ်ဆက်

အိုသဒ္ဓါဘာသာ စာပေလေ့လာသင်ယူသူအပေါင်းတို့ ယခုသင်တို့ လက်ဝယ်၌ ဖက်ရှုလေ့လာနေသောဤရွှေစည်းမျဉ်းသဒ္ဓါ သခ်ေပ ကျမ်းငယ်သည် ရှေ့ရှေ့ဖြစ်သော ကျမ်းဂန်တို့သည် နောက် နောက်သော ကျမ်းဂန်များဖြစ်လာဖို့ရန် အထောက်အပံ့ ဖြစ်စမြဲဟူသော ဆိုစကားအတိုင်း အရှင်ကစ္စည်းမထေရ်စီရင် ဟောကြားအပ်သော ကစ္စည်းသဒ္ဓါကြီးကျမ်း၊ထိုကျမ်းကိုပင်မဟာ ဂန္ဓာရုံဆရာတော် အရှင်ဇနကာ ဘိဝံသ၏ကျဉ်းလည်းကျဉ်း၊ ရှင်းလည်းရှင်းသော အခြေပြုသဒ္ဓါကျမ်းတို့၏ စည်းမျဉ်း၊ စည်းကမ်းများကိုကြောရိုး အမာခံတည်၍အခက်အလက်တို့ကား ရူပသိဒ္ဓိ၊ သဒ္ဓါကြီးပုဒ်စစ်စုံ၊ ကစ္စည်းသုတ်စဉ် သရုပ်ခွဲကျမ်းများ တို့၏ အာဘော်နှင့် မိမိလေ့လာ သိရှိသော နည်းစနစ်တို့ကို ပေါင်းစပ်၍အတတ်နိုင်ဆုံး ကောင်းမြတ် အောင် စီရင်ထားပါသည်။

ဘယ်လိုပင်ကောင်းမြတ်အောင် စီရင်ထားသော်လည်း ချွတ်ယွင်းချက် တွေများစွာရှိနေဦးမှာပါ။ အကြောင်းကတော့ မိမိ မှာလည်း လေ့လာသင်ယူသူများထဲက တစ်ယောက်သာဖြစ်၍ ပညာရှင်အဆင့်မဟုတ် ဝါသနာအဆင့်မို့ဖြစ်ပါသည်ဝါသနာရှင် အဆင့်နဲ့ ဤကဲ့သို့ကျမ်းတစ်ဆောင်စီရင်ရခြင်းရဲ့ အကြောင်းကို ပြန်ပြောင်းပြောရမည်ဆိုလျှင် မိမိအနေနဲ့ စာသင်သားဘဝအစ ခရမ်းကိုင်းကုန်း ပါဠိတက္ကသိုလ် ပရိယတ္တိ စာသင်တိုက်ကြီး၌ မူလတန်း၊ အငယ်တန်းပညာသင်၍ အခြားသောပရိယတ္တိ စာသင် တိုက်များ၌လည်း အတန်းငယ်တုန်းကတော့ ဆရာသင်ပြ ပေးသည့် အတိုင်း သုတ်,ဝုတ္တိ,ဥဒါဟရဏ် အရကျက်ပြီး၊ ရှုပ်တွင် တွင် တွက်လျှက် အဓိပ္ပါယ်သင့်ယုံမျှဖြင့် အတန်းတွေတက်လာခဲ့တာ

http://www.dhammadownload.com

အဆင်ပြေလို့ပဲ။ အဆင်မပြေတာက ပထမကြီးတန်း၊ ပြဌာန်းကျမ်းစာ အသစ်တွေက များတော့ သဒ္ဒါဘက်ကို အားစိုက်မကြည့်နိုင်ခဲ့ဘူး။အတန်းမြင့်လာသလောက် မေးခွန်း တွေနက်နဲခက်ခဲလာမှ သဒ္ဒါဘာသာကနက်နဲ ခက်ခဲပါလား လို့သိလာရတယ်။ ထိုအခါကျမှ " ဖောင်စီးရင်း ရေငတ် " စကားပုံ နှင့် " ဆင်လျက်နဲ့မလှ သင်လျက်နဲ့မရ " ဟူသော စကားပုံတွေလို ဖြစ်နေပါလား နှစ်တွေအချိန်တွေအများကြီးပေးပြီးသင်ယူခဲ့ပါလျက် တတ်မြောက်မှုကြတော့ နည်းလိုက်တာစသည်ဖြင့်တွေးတောကြံစည်ရင်းကနေ ဘယ်လိုကြောင့် ခက်ခဲသလဲ၊ ခက်ခဲနေတဲ့အကြောင်းတွေက ဘာတွေ လည်းဖြင့်အကြောင်းရှာ စီးစစ်မိတယ်၊ အဲဒါနဲ့တဆက်ထဲ သင်ယူပို့ချပုံတွေ မေးခွန်းမေးထား ပုံစံတွေကို လေ့လာဆက်စပ်၍ ကစ္စည်းသဒ္ဒါကြီးကျမ်း၊ စီရင်ရေးသားထားပုံတို့ကို အနည်းငယ် ချဉ်းကပ် မိလာတယ်၊မိမိချဉ်းကပ်မိသလောက် အမြင်ဖြင့် ပြောရရင် ဥပမာ နာမ်ပိုင်းဆိုပါတော့ သိစသော ဝိဘတ်ခုနှစ်သွယ် ဝုစ်နှစ်သွယ် ကိုသိယော အံ့ယောနာဟိသနံ့သ္မာဟိသနံ့သ္မိ သု" ဟုဝိဘတ် အမည် မှည့်သော သညာသုတ်တည်သလို လိင်သုံးပါး ဝုစ်နှစ်ပါးဖြင့် သဒ္ဒါ ရုပ်သွားကို ပြရာမှာတော့ ယထာဂ္ဂမနည်းဖြင့် မပြဆိုပဲ သိပြလိုက်, သပြလိုက်, သ္မိ ပြ လိုက်, နံ ပြလိုက်၊ သ္မာ သ္မိ ပြ လိုက်နဲ့ ဝိဘတ် တစ်လုံးချင်း စီ၏ ဆိုင်ရာရုပ်တွက်ရာမှာ အဆင်မပြေမှုတွေ ဖြစ်စေ ပါတယ်၊ အမြင်ရှင်းအောင်ပြရရင် သိဝိဘတ် ဆိုပါတော့ အာလုပ် အနေနဲ့ အာလပနေသဂသညော အာလုပ်အနက်ဌ ဖြစ်သောသိကိုဂ အမည်မှည့်သည်ဟုပြပြီး ထိုဂသိကိုဘယ်သုတ်ကဖြင့် ဘာပြုတယ် ဆက်တိုက်မပြဘဲ အခြားသော ဝိဘတ်များနှင့် သက်ဆိုင်သော သုတ်အစီရင် တွေ ပြလိုက်တာ သခတောဂသောဝါ သုတ် ကြမှ ဂသိဝိဘတ် ကိုပြန်တွေ့တော့တယ်။ ဒီတော့ဂသိမှည့်

http://www.dhammadownload.com

တဲ့သုတ်ပါ အယျေ။ ကညေစတဲ့ရုပ်တွေ တွက်ပြီးဖို့က ယတေစ သုတ်ဖြင့် ဂသိဝိဘတ်ကို ပြေပြီးမှ အယျေရုပ်ပြီးတယ် ဒီလိုရုပ် တစ်ရုပ်ပြီးဖို့ ပါဝင်တဲ့ သုတ်တွေက ဝေးကွာလွန်းတော့သုတ် အနက်ကျက်သဘော အဓိပ္ပါယ်ပြန်၍ ရုပ်တွက်ပြီးအောင် ကြံရသူများအတွက်ခက်ခဲ နေခြင်း ဖြစ်တယ် အခြားသောဝိဘတ် များလည်း ထိုနည်းတူစွာပဲမို့ အသိပညာလုံ့လဝီရိယတို့ အားစိုက်ရှုန်းကန် ကျက်စားရန်သို့မဟုတ် ကာမဝိတက်တို့ ကြံစည်ခွင့်မပေး သဒ္ဒါပညာရေးမှာသာဥာဏ် သက်ဝင် စေရန်များ စီရင်ထားသလားလို့တောင်ထင်မြင်မိတယ်။

စာအုပ်စီစဉ်ထားပုံ

အမြန်လိုက်ရသော နည်းပညာခေတ်အခါကြီးမှာ ပြီးမြောက် အောင်မြင်ရန်သာဖြစ်ပြီး အဖန်ဖန်ရှုန်းကန်ကျက်စားနေရန် အချိန် မရှိပေ၊ ထို့အတွက်ကြောင့် မိမိသည် နာမ်မှစတင်ပြီးသိစသော ဝိဘတ်ခုနှစ်သွယ် ဝုစ်နှစ်သွယ်ဖြင့် ရုပ်ပြီးအောင်စီရင်သော သုတ် တို့တွင် သိဆိုသိဝိဘတ် နှင့်ဆိုင်သမျှတို့ကို စီစစ်ရှာဖွေ၍ လေ့လာ ကြည့်တဲ့အခါ သုတ်တို့၏ စီရင်ပုံရုပ်တို့၏ ပြီးမြောက်ပုံနှင့်ပုလ္လိင်၊ ဣတ္ထိလိင်၊ နပုလ္လိင်အလိုက်သိဝိဘတ်၏ စီရင်ရာသုတ်နှင့်ပါဝင်ရာ ရုပ်များ ပြောင်းသွားပုံ အဆင့်ဆင့်တို့ကို လွယ်ကူရှင်းလင်းစွာ သိရှိမှတ်မိ သွားခဲ့ပါတယ်။ ဒါကြောင့်နာမ်စတုတ္ထပိုင်းနှင့် ပဉ္စမပိုင်း ပစ္စည်း များကိုလည်း ပစ္စည်းစဉ်အလိုက် သက်တဲ့ အနက်, ပြုရာ သုတ်စသဖြင့် ခွဲခြား၍ မှတ်စုထုတ်ကျက် ကာရကမှာလည်း ပဌမာ ဝိဘတ်အနက်, ပဌမာဝိ ဘတ်သက် တဲ့သုတ်, စီရင်တဲ့သုတ် စသဖြင့် ဝိဘတ်စဉ် အလိုက် စုစည်း၍ မှတ်စုထုတ်ကျက်သမာသ် မှာလည်း အဗျယီဘော သမာသ်စသဖြင့် မှတ်စုထုတ်ကျက် တဒ္ဓိတ် မှာလည်း

http://www.dhammadownload.com

အပစ္စတဒ္ဓိတ်စသဖြင့် မဟုတ်ဘဲ အပစ္စည်းသက်တဲ့သုတ် အပစ္စည်းစီရင်တဲ့သုတ်စသဖြင့်ပစ္စည်းစဉ်အလိုက် မှတ်စုထုတ်ကျက်၊ အာချာတ်ကျတော့ ဝိဘတ်, ပစ္စယ,ဓာတု, သရဟုပိုင်းခြား၍ ဝိဘတ်ဆိုင်ရာမှာ ဝိဘတ်အမည်မှည့်ခြင်း, သက်ခြင်း, စီရင်ခြင်း,ဟု သုံးမျိုးတစုစီကတစ်တွဲ, ပစ္စည်းဆိုင်ရာမှာ ဓာတုနိဒ္ဒဋ္ဌပစ္စယ ကတစ်တွဲ, ဝိကရဏ ပစ္စယက တစ်တွဲ, ဘောကံဟော ယစ္စယက တစ်တွဲ, အဗ္ဘာသဖြင့် စီရင်သော သုတ်များ ကတစ်တွဲ, ဓာတ်ဖြင့် စီရင်ရာသုတ်များက တစ်တွဲ,သရဖြင့် စီရင်ရာသုတ်များက တစ်တွဲ စသည်ဖြင့် တွဲစပ်၍ မှတ်စုထုတ်ကျက်၊ ကိတ်ကျမ်းမှာလည်း ကိစ္စပစ္စည်း ကိတ်ပစ္စည်းဟု ရှိရင်းအတိုင်းမဟုတ်ဘဲ အပစ္စည်း သက်တဲ့သုတ် ,စီရင်တဲ့သုတ် စသဖြင့် ပစ္စည်းအက္ခရာစဉ်အလိုက် စုစည်း၍မှတ်စုထုတ်ကျက် ဥဏာဒ်ပိုင်းမှာလည်း ပစ္စည်းစဉ်အလိုက် စီရင်၍ မှတ်စုထုတ်ကျက်မှတ်လိုက်တဲ့ အခါ သဒ္ဒါအမြန်ရှင်းပြီး ပုစ္ဆာတွေကို လွယ်ကူစွာ ဖြေဆိုအောင်မြင်လာတာကို ကိုယ်တိုင် တွေ့ရှိခံစားရ၍ သဒ္ဒါဘာသာကို ဆက်လက်လေ့လာချင်မှု ရှိနေချိန် မှာဘဲ ဓမ္မာစရိယလောင်းလျာတွေအတွက် သဒ္ဒါဘာသာကိုအဓိက ထားသင်ကြားပေမည်ဖြစ်၍ ကြံခင်းမြို့၊ နဝင်းဂုဏ်ကျောင်းအတွင်း ကျင်းပမည်ဖြစ်သော ဓမ္မာစရိယသင်တန်း တက်ရောက်ကြပါရန် ဖိတ်ခေါ် ကြော်ငြာစာကို တွေ့ရပါတယ်။

ထို့ကြောင့် ၂၀၀၅-ခုနှစ်၊ ကြံခင်းမြို့၊နဝင်းဂုဏ်ကျောင်း ဓမ္မာစရိယသင်တန်းကို သွားရောက်သင်ယူခဲ့ပါတယ်။၎င်းသင်တန်း ကြီးကပေးလိုက်တဲ့ အသိအလိမ္မာ၊ ဉာဏ်ပညာတွေကဖြင့် အများကြီး ပါပဲ၊ ထိုအထဲတွင် သဒ္ဒါဘာသာကို နာမ်ဂိုဏ်းစဉ် သဘော, အာချာတ် ဂိုဏ်းစဉ်သဘောမှစပြီး ပါဠိဝါကျရေးနည်းတွေ ကိုပါသင်ကြား ပေးပါတယ်။

http://www.dhammadownload.com

ထိုအခါကျမှ သဒ္ဒါပညာ၏အနှစ်သာရကို တွေ့ထိခံစားရပြီး အကမ္မကဝါကျ, သကမ္မကဝါကျကွဲ၍ အကမ္မကဝါကျကို သကမ္မကဝါကျဖြစ်အောင်, သကမ္မကဝါကျကို ဒွိကမ္မကဝါကျဖြစ်အောင်, ဒွိကမ္မကဝါကျကို တိကမ္မကဝါကျဖြစ်အောင် အဆင့်ဆင့်ရေးနည်း, ကိတ်ကျမ်းမှာလည်း မာနပစ္စည်း၊ အန္ဓပစ္စည်းစသော ဓါတ်ပစ္စည်းဆက်ပုံတွေကို သင်ကြားပေးပါသည်။

ပါဠိဝါကျတည်ဆောက်ရာမှာလည်း ကတ္တားနှင့်ကြိယာ ဝိသေသန ဝိသေသျှ, လိင်ဝုစ်တူ, လိင်ဝုစ်ကွဲ စုံစွာသင်ကြားပေးပါ၍ ပါရာဇိကဏ်, သီလက္ခန် နှစ်ကျမ်းလုံးကို ပထမနေ့, ဒုတိယနေ့ စည်းမျဉ်းစုံစွာသင်ကြားပေးပြန်ပါသည်။ ဓမ္မာစရိယတန်းစာ သင်လိုက်ရမှ သဒ္ဒါဘာသာ၏ရေးသားနည်း, ကြံ့ဆနည်း, ဖတ်ရှုနည်းတို့ကို လေ့လာနေရတာပါပဲလို့ သိလိုက်ရတယ်။

မှန်ပါသည် ဓမ္မာစရိယအောင်ပန်းတံဆိပ် ဆွတ်ယူနိုင်ဖို့က သဒ္ဒါကျွမ်းကျင် ပညာရှင်ဖြစ်မှ လွယ်ကူပါကြောင်း ရှေးဆရာတော် အပေါင်းတို့က သတိပေးလက်ာရေး၍

ဓမ္မာစရိယ၊ အောင်မြင်ကြ၊ မုချနည်းလမ်းမှာ၊
အနက်ကျေမှ၊ စည်းမျဉ်းရ၊ တစ်ဝက်ကြေမည်သာ၊
သဒ္ဒါပိုင်မှ၊ တစ်ဝက်ရ၊ မုချအောင်သေချာ၊
သို့မဟုတ်လျှင်၊ စာဖြေအရှင်၊ အသင်ကျဆုံးမှာ၊
ထို့ကြောင့်သာပင်၊ သောတုရှင် အစဉ်သတိပြုပါ။

ဤကဲ့သို့ဆုံးမခဲ့ပါသည်။ စာရေးသူအနေနဲ့ သင်တန်းတက်ရင်း အတွေ့အကြုံတစ်ခုရခဲ့ပါသည်။ စာသင်သားတွေအဖို့ သင်ခန်းစာယူစရာလေးမို့ တင်ပြလိုက်ပါသည်။ ပထမကြိုးတန်းကို တောင်ဖြေပြီးနေပေမဲ့ စာမေးပွဲမှာပုဒ်စစ်မေးခွန်းက (၁၀)မှတ် ဖြေပဲမို့ ဆိုပြီးအတန်းတိုင်း မကျက်ခဲ့ဘူးတဲ့ ပါရာဇိကဏ် ဥက်ကောက်,

http://www.dhammadownload.com

သံဝဏ္ဏနာ, နည်းဥပစာတွေသင်ရတော့ နားမလဲဘူးဖြစ်နေတယ် ဆိုသောသင်တန်းသားအချို့ကိုတွေ့ခဲ့ရပါတယ်။

တကယ်တော့ သဒ္ဒါတတ်ချင်ရင် ပုဒ်စစ်စုံကျမ်းကိုလည်း အတန်းအလိုက် မှန်မှန်ကျက်မှတ်ခဲ့သင့်ပါသည်။ နောက်တစ်နည်း ကသဒ္ဒါစာစပ်ပေါ့။ ယခုခေတ်မှာ စာရေးသူတို့ပါမကျန် ပထမပြန် အဆင့်စာသင်ပုံစံက သဒ္ဒါစာစပ်ကို ဆရာကလည်းမသင်ပေး။ မိမိ ကိုယ်တိုင်လည်းမလေ့လာခဲ့သမျှ စာချတန်းကျတော့ အထိနာတာပဲ၊ သဒ္ဒါတတ်ချင်ရင် စာစပ်သင်လို့တောင် ဆိုရမလောက် အရေးကြီး ပါတယ်။ ဒါကြောင့်လည်း ပုသိမ်မြို့၊ ပဏ္ဍိမာရုံဆရာတော်က ပါဠိဝါကျရေးသားနည်း စာအုပ်မိတ်ဆက်မှာ ပထမပြန်စာသင်သား တွေကိုအိမ်ဆောက်လိုသောအိမ်ရှင်ယောကျာ်း သစ်ဝါးအုတ် ကျောက်တွေစုဆောင်းရှာဖွေထားပြီး အိမ်ဖြစ်အောင်ပြုခြင်း လက်သမား ပညာမတတ်သောသူနှင့် နှိုင်းယှဉ်ပြခဲ့ခြင်း ဖြစ်ပါသည်။ စာသင်သားတွေမှာ အိမ်ဖြစ်အောင်ပြုဖို့ လိုအပ်သမျှ ပစ္စည်းတွေ အစုံရှိပြီး အိမ်ဖြစ်အောင်ပြုနည်းဆိုတဲ့ စာစပ်နည်းစသော ပညာမရှိ ရှာသောကြောင့်သာ နှောင့်နှေးကြန့်ကြာနေခြင်း ဖြစ်ပါတော့သည်။

မိမိသည်လည်းထိုအသိနှင့်အတူ လေ့လာသင့်တာမှန်သမျှ လေ့လာပြီးပထမကြီးတန်း အောင်မြင်ခဲ့၍ ဓမ္မာစရိယ ကျမ်းရင်း သုံးကျမ်း သင်ယူရာမှာလည်း ဆရာကအရိပ်ပြရင် အကောင်မြင်လို့ အဆင်ပြေခဲ့ပါသည်။ ဤကဲ့သို့သော အတွေ့အကြုံတွေမှ တစ်ဆင့် ရရှိသော အကျိုးကတော့သဒ္ဒါမြင်မှ အောင်ပွဲဆင်နိုင်မှာကို တွေ့မြင် ရပြီး သဒ္ဒါဘာသာ၏ ပရိယတ္တိ စာပေမှာ အရေးပါအရာရောက် အကျိုးရှိမှုတွေ များစွာကြောင့် မိမိ မှတ်စုစာအုပ်တွေကို ပြန်လည် ဖြည့်စွက်၍ မိမိနည်းတူစာအတက်မှာသဒ္ဒါအခက်နှင့်ရင်ဆိုင်တွေ့ပြီး ပထမပြန်ယမုံနာမှ အောင်စခန်း တစ်ဖက်ကမ်းသို့ လှမ်းမတက်နိုင်

http://www.dhammadownload.com

သေးတဲ့ ညီတော်နောင်တော် စာသင်ဖော်တို့အတွက် ကူညီဖြည့်စွက်သောအားဖြင့် ကြိုးစားအားထုတ်၍ သာသနာဥယျာဉ်ကြီးအတွင်း ပရိယတ္တိပန်းခင်းကြီးထဲမှာ ရွှေစည်းမျဉ်း သဒ္ဒါသခေါ်ပကျမ်းဟုသော အဆင်းရနံ့နှင့် ပြည့်စုံသော ပဒုမ္မာကြာပန်းတစ်ပွင့်စွာစွင့်စွင့် ပွင့်လန်းလို့လာခဲ့ပါပြီ။ ပန်းဝတ်မှုံစားသုံးမည့် ပျားပိတုံးပမာ စာသင်ငယ်များသည် ပန်းဝတ်မှုန်ကိုစားလို့ ပန်းဝတ်ရည်ကို သောက်သုံးပြီး မိမိတို့လိုရာပန်းတိုင်ဆီသို့ ပျံသန်းနိုင်ကြပါစေလို့ ရည်စူးကာ သင်တို့လက်အတွင်းသို့ အပ်နှင်းလိုက်ပါကြောင်း သောတုဇနာ အပေါင်းတို့ . . . . .

ကျေးဇူးတင်ရွှာ

ဤရွှေစည်းမျဉ်းသဒ္ဒါ သခေါ်ပကျမ်းစာအုပ်သည် ပရိယတ္တိစာပေဖြစ်သောကြောင့် ပရိယတ္တိသာသနာ အဆုံးအမတွေက သဗ္ဗညုတဘုရားရှင် ဟောကြားခဲ့တာ ဖြစ်လို့ သဗ္ဗညုတဉာဏ်ပိုင်ရှင် ဘုရားသခင်အား လည်းကောင်း၊ ထိုအဆုံးအမ ပရိယတ္တိသည် တရားတော်ဖြစ်လို့ တရားတော်အား လည်းကောင်း၊ ထိုတရားတော်တွေကို သံဃာတော်တွေက လက်ဆင့် ကမ်းထိန်းသိမ်းသယ်ဆောင်လာသောကြောင့် ယနေ့တိုင် ဗုဒ္ဓ,ဓမ္မ, စာပေတွေ သင်ကြားခွင့်ကျင့်ကြံခွင့်ရတာဖြစ်လို့ သံဃာတော်အားလည်းကောင်း ကျေးဇူးတရားကို အထူးအောင်းမေ့သောအားဖြင့်ရင်း။

ထို့အတူ မိဘနှစ်ပါးဖြစ်ကြသော ဦးစိုးငြိမ်း+ ဒေါ်ဖွားမြင့် ဆည်ကုန်ကျေးရွာ၊ တောင်သာမြို့,နယ်၊ မန္တလေးတိုင်းလည်းကောင်း၊ စာဖတ်တတ်အောင်သင်ကြားပေးသောဆရာ၊ စာပေပညာရအောင်သင်ကြားပေးသော ဆရာများနှင့် မိမိကိုနေထိုင်ခွင့်ပြု၍ ပညာသင်ကြားပေးသော ပရိယတ္တိစာသင်တိုက် အသီးသီးမှ ပဓာန

http://www.dhammadownload.com

နယကဆရာတော်များ၊ စာချဆရာတော်များအား၎င်း၊ အထူးသဖြင့် (၁၄) ရပ်ကွက်၊ ရန်ကင်းမြို့နယ် မိုယ်းကောင်းကျောင်း၊ ပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာန နာယကဆရာတော်ဘဒ္ဒန္တဝိလာသမထေရ်အား၎င်း၊ ဤကျမ်းငယ် ဖြစ်ပေါ်လာရေး မှီခိုအားထားရေးသားရသော ကစ္စည်း သဒ္ဒါကြီးကျမ်း၊ ပဒရူပသိဒ္ဓိကျမ်း၊ သဒ္ဒါကြီးပုဒ်စစ်စုံကျမ်း အခြေပြုသဒ္ဒါကျမ်း၊ ကစ္စည်းသုတ်စဉ် သရုပ်ခွဲကျမ်းတို့နှင့်အတူကျမ်းစီရင်တော်မူခဲ့သော ဆရာတော်တို့အား၎င်း၊ မိမိကို ရဟန်းပဥ္စင်းအဖြစ်သို့ ရောက်အောင် စတုပစ္စယာဖြင့် ထောက်ပံ့၍ ယနေ့တိုင်လိုလေသည့်မရှိ လှူဒါန်းပြီး ဤစာအုပ်ဖြစ်မြောက်အောင် အားတက်သရော ဝတ္တုငွေထုတ်လှူသော စာရေးသူ၏ ရဟန်းဒါယကာ၊ဒါယိကာမဖြစ်ကြသောဦးဆန်နီ+ဆရာမဒေါ်ချိုချိုမြင့်၊သားမောင်မင်းထက်မိသားစုဘော့သပြေကန်ကျေးရွာ၊သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား၎င်း၊ ဤစာအုပ်ပါစာမူကို အကြမ်းကူးပေးခြင်းနှင့်စာစစ်ကူပေးခြင်းဖြင့် ကူညီသော အရှင်ဝိသုဒ္ဓပထမကြီးတန်း (စဉ်ကိုင်)၊ အရှင်ဝိဓူရ-ဓမ္မာစရိယ (တောင်သာ) အရှင်စန္ဒိမာလင်္ကာရ (သထုံ) သာသနဓဇ ဓမ္မာစရိယ၊ ဝိနယဝိဒူ ၊ အင်္ဂုတ္တရနိကာယဝိဒူ၊ ရှင်မတောင်ဝိနယဓရ၊ ဝိနယကောဝိဒအားလည်းကောင်း၊ စိတ်ကြိုက်ဖြစ်အောင် လုပ်ဆောင်ပေးသော " မြတ် "ကွန်ပျူတာ စာစီ၊ ဒီဇိုင်း၊ မိတ္တူဆိုင်အမှတ် (၂၁၇)၊ (မြေညီထပ်) ဆိပ်ကမ်းသာလမ်း ၊အလယ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့အား၎င်း၊ စာအုပ်များအား ဖြန့်ချီရောင်းချပေးသော သန်းမြင့်မြင့်(ပိဋကတ်စာအုပ်ဆိုင်)၊ အမှတ်-၃၇၊ရွှေတိဂုံတောင်ဘက်ဈေးတော်ရုံ၊ ဒဂုံစာတိုက်၊ ရန်ကုန်မြို့အား၎င်း၊ စာအုပ်ကို အော့ဖ်စက်ရိုက်ပေးသော၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်း၊ အမှတ်-၄၉ရှိ Mercury Offset Printing

http://www.dhammadownload.com

အားရင်း ဤစာအုပ်နှင့် ပတ်သတ်သမျှ အကြံဉာဏ် အတွေ့အကြုံ ပေးကြသော ပုဂ္ဂိုလ်များနှင့် ဝယ်ယူအားပေးသူ အပေါင်း တို့အား လည်းကောင်း၊ ကျေးဇူးတင်ထိုက်သူ အားလုံးကို ကျေးဇူး တင်ရှိပါ ကြောင်း ဤစာအုပ်ဖြင့် မှတ်တမ်းတင်အပ်ပါသည်။

တိုက်တွန်းလွှာ

မြင့်မြတ် နှလုံးသား စာသင်သား

အို --- ညီတော်နောင်တော်သောတုဇနများ

သင်တို့ယခုသင်ယူဆည်းပူးနေသော ပရိယတ္တိစာပေများ သည်ဒီလောကကြီးမှာရှိရှိသမျှသောစာပေတို့တွင် အမြင့်မြတ်ဆုံးနှင့် အနှစ်သာရအရှိဆုံးသော စာပေဖြစ်သည်။

အဘယ်ကြောင့်ဆိုရသော်ဤစာပေသည် လူသာမန်တို့ စိတ်ကူးကြံစည် ဖန်တီးထားသော အကြောင်းအရာတွေကို ပြဆိုသော စာပေမျိုးမဟုတ်။

ပါရမီဆယ်ပါး အပြာသုံးဆယ်တို့ကို လေးသင်္ချေနှင့် ကမ္ဘာ တစ်သိန်းဖြည့်ကျင့်ပြီးမှရရှိလာသော သဗ္ဗညုတ ဉာဏ်တော် သခင် ဘုရားရှင်၏ သာသနာသုံးရပ်အနက် "သာသနသ ပရိယတ္တိမူလ" ဟူသော ဝစနတ္ထနှင့်အညီ သာသနာ၏ မူလဖြစ်သော ဝိနည်း, သုတ္တန်, အဘိဓမ္မာ သုံးဖြာသော ဓမ္မဘဏ္ဍာရတနာတိုက်ကြီး၌ လောကီ, လောကုတ္တရာ, ပစ္စုပ္ပန်, တမလွန်, မိမိ, သူတစ်ပါး နှစ်ဖြာသော ကောင်းကျိုးချမ်းသာတွေကို ဖြစ်ထွန်းစေသော ဓမ္မ ရတနာ တွေ၏ အစွမ်းသတ္တိ အကြောင်းနှင့်ထိုဓမ္မရတနာတွေကို ရယူပိုင်ဆိုင်နိုင်ဖို့ နည်းလမ်းကောင်းတွေပြဆိုသော ပရိယတ္တိ ခြေလှမ်းအစ စာပေဖြစ်ခြင်းကြောင့် မြင့်မြတ်၍ အနှစ်သာရ အရှိဆုံးဖြစ်ပါသည်။ ဓမ္မရတနာများရှိသော ပရိယတ္တိစာပေကို သင်ယူမှတ်သားရသည်က လွယ်ကူသော အလုပ်တော့မဟုတ်ပေ။

http://www.dhammadownload.com

ထိုပရိယတ္တိဓမ္မရတနာဘဏ္ဍာတွေကို မြတ်စွာဘုရားရှင်သည် ကိုယ်တော်တိုင်ဟောကြားတော် မူအပ်သော မာဂဓ ဘာသာခေါ် ပါဠိဘာသာဖြင့်ထားတော်မူခဲ့ သောကြောင့် ပါဠိဘာသာကား ဓမ္မရတနာများ၏ တည်ရှိရာ ဘဏ္ဍာတိုက်ကြီးဖြစ်ပြီး အက္ခရာကောသလ္လဉာဏ် ဟူသော တံခါးဖြင့် ဝင်ပေါက်ထား၍ တည်ရှိနေပါသည်။အက္ခရာကောသလ္လဉာဏ်ဝင်ပေါက်တံခါးတွေအောင်ရှာနိုင်ဖို့ နည်းဥပဒေသတွေ ပိဋကတ်တော်မှ ထုတ်နှုတ်ပြီး၊ အရှင်ကစ္စည်း မဟာထေရ်မြတ် ကစ္စည်းသဒ္ဒါပါဠိကို စီရင် ခဲ့ရခြင်းဖြစ်ပါသည်။

ထိုသို့ဆိုလျှင် အက္ခရာကောသလ္လဉာဏ်ရင့်သန်စေ သော သဒ္ဒါပညာကားပရိယတ္တိစာပေ၌ အခြေခံ၍ နက်နဲခက်ခဲသလောက် အကျိုးကျေးဇူးလည်းရှိသော ကျမ်းဖြစ်သည်။ ထိုသို့နက်နဲ့ ခက်ခဲသော အခြားကျမ်းပေါင်း များစွာကိုလည်း သင်ယူရပါသည်။ ထို့ကြောင့်လွယ်ကူသော အလုပ်မဟုတ်ဘူး လို့ဆိုရခြင်းဖြစ်ပါသည်။

မလွယ်ကူသော်လည်း သင်ယူမြို့

ဘာသာပျောက်က လူမျိုးပါပျောက်လိမ့်မည်ဟူသော အဆိုနှင့် အညီ ဘာသာပျောက်လို့ လူမျိုးပျောက်သွားကြသော လူမျိုးနွယ်စုများ အများအပြားပင်၊ ထိုထဲတွင် မိမိတို့လူမျိုးမပါအောင် ကျင့်ဆောင်သည့် အနေနဲ့ဘာသာတရား၏ တာဝန်ကိုရွက်ဆောင်ကြရပါမည်။ မိမိတို့လူမျိုး ကိုးကွယ်သော ဗုဒ္ဓသာသနာတော်သည် ကွယ်ချိန်ရောက်ကပရိယတ္တိသာသနာက အရင်ကွယ်ပျောက်မှာဖြစ်တယ် ဆိုစဉ်အရ ပရိယတ္တိဓမ္မစာပေကွယ်ရင်သာသနာကွယ်ပြီး၊ သာသနာကွယ်ရင် ဘာသာကွယ်ပြီး၊ ဘာသာကွယ်ရင်းဖြင့် လူမျိုးလည်း ကွယ်ပျောက်မည်။ ထိုအရေးကို ကြိုတွေး ကာကွယ်သောအားဖြင့် သဒ္ဒါဘာသာပညာဖြင့် အက္ခရကောသလ္လဉာဏ် ရင့်သန်အောင်

http://www.dhammadownload.com

ပြုလုပ်၍ ပိဋကတ်တော်တွေရဲ့ အနှစ်သာရ မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် ပရိယတ္တိ သာသနာမကွယ်ကွယ်အောင်ကာကွယ်ပြီးဖြစ်သလို ဗုဒ္ဓဘာသာမကွယ်အောင်လည်း ပြုလုပ်ရာရောက်။ ဗုဒ္ဓသာသနာ မကွယ်မှ ဗုဒ္ဓဘာသာမကွယ်မှာ၊ ဗုဒ္ဓဘာသာမကွယ်မှ မိမိတို့လူမျိုးနွယ်စု မကွယ်မှာ အဆင့်ဆင့်ကာကွယ်ပြီးသာ ဖြစ်သောကြောင့် ဗုဒ္ဓသာသနာသည် ဗုဒ္ဓဘာသာတို့၏ မြင့်မြတ်သော ဓမ္မရတနာ တရားတော်လည်းဖြစ် မျိုးစောင့်တတ်သော ဝံသာနုရက္ခိတ တရားလည်းဖြစ်သော ပရိယတ္တိစာပေအသိများကို လက်ဆင့်ကမ်းသင်ယူပို့ချနေသော စာသင်စာချအများတို့၏ နှလုံးသားမှာ ဗုဒ္ဓဘုရား၏ မြင့်မြတ်သော တရားတော်များလည်းဖြစ်၊ မျိုးစောင့်တရား လည်းဖြစ်သော တရားတွေကို ထိန်းသိမ်းစောင့်ရှောက် နေသောကြောင့် ဝံသာနုရက္ခိတ မြင့်မြတ်သော နှလုံးသား ပိုင်ရှင်များဖြစ်ကြပါသည်။ ဤသို့သောကြောင့် မိမိတို့ယခု လက်ရှိသင်နေသော ပရိယတ္တိစာပေကိုထက်သန်သော စေတနာ ယုံကြည်သော သဒ္ဓါတက်ကြွသော ဥဿာဟ မဆုတ်နစ်သော ဇွဲလုံ့လ၊ ဝီရိယတို့ဖြင့် မိမိတို့ရည်မှန်းရာ အသီးသီးသော ပန်းတိုင်ဆီသို့ အရောက်သွားနိုင်အောင် ကြိုးစားကြပါဟုတိုက်တွန်းလိုက်ပါရစေ။

အရှင်ရာဇိန္ဒ

လှိုင်းထက် (တောင်သာ)

http://www.dhammadownload.com

http://www.dhammadownload.com

စိတ်ဆတ်အမှာစာ သန္ဓေကျမ်းအညွှန်း

အရှင်ကစ္စည်းဆရာ မဟာထေရ်မြတ်စိရင် အပ်သော ကစ္စည်း ကျမ်းသည် ကား ပကရဏ ပရိစ္ဆေဒအားဖြင့် သန္ဓေ, နာမ်, ကာရက, သမာသ်, တဒ္ဓိတ်, အာချာက် ကိတ်, ဥဏာဒ် ဟူ၍ ရှစ်ပါး အပြားရှိ၏။

ထိုတွင် ဒွိန္ဒံပဒါနံ အန္တရံ အဒဿေတွာ သမ္မာဓိယတိတိ သန္ဓေ ဟူသောဝစနတ္ထနှင့်အညီပုဒ် နှစ်ပါးတို့၏ အကြားကို မမြင်စေမူ၍ ကောင်းစွာ စပ်အပ်သောကြောင့် သန္ဓေမည်၏။

ဤသို့သာမညအားဖြင့် တစ်ပါးသာ ဝိသေသ လက္ခဏာ အားဖြင့် သော်ကား သရသန္ဓေ, ဗျဉ္ဇန သန္ဓေ, ဝုတ္တသန္ဓေ ဟူ၍ သုံးပါးအပြားရှိ၏ ဟူသော သဒ္ဒါကြီးပုဒ် စစ်စုံဆရာတော်၏ အာဘော်အားဖြင့်လည်းကောင်း သရသန္ဓေ, ပကတိသန္ဓေ, ဗျဉ္ဇနသန္ဓေ, နိဂ္ဂဟိတသန္ဓေ ဟူ၍ ရူပသိဒ္ဓိ ဆရာတော်၏အဖွင့်အားဖြင့် လည်းကောင်း ဤရှေ့စည်းမျဉ်း သဒ္ဒါ သခ်ေပ ကျမ်း၌ စီရင်ထား ပါသည်။ သို့ကြောင့် ကစ္စည်း သဒ္ဒါကြီးပါ၌ မူအတိုင်း မဟုတ်ဘဲ သရကို စီရင်ရာ, ဗျဉ်းကို စီရင်ရာ, နိဂ္ဂဟိတ်ကို စီရင်ရာ ပကတိကို စီရင်ရာဟု ဆိုင်ရာဆိုင်ရာ တစ်စုတစ်စည်းထဲ လေ့လာရမှာ ဖြစ်ပါသည်။ ထို့ကြောင့် ကစ္စည်းသဒ္ဒါကြီး ပါ၌ကိုမတူ ကွဲပြား နေသောကြောင့် ဤ ကျမ်ငယ်မှာ သုတ်တွေရဲ့ ရှေ့ဂဏန်းစဉ်သည် ဤကျမ်းပါအမှတ်အသားဖြစ်ပြီးနောက်ဂဏန်းစဉ်သည် ကစ္စည်း သဒ္ဒါကြီး သုတ်စဉ် အမှတ်အသားတွေ ဖြစ်ပါသည်။ ကစ္စည်း သဒ္ဒါကြီးဖြင့် တိုက်ဆိုင်ဖတ်ရှုချင်သူများအတွက် အဆင်ပြေအောင် ထည့်သွင်း ဖော်ပြထား ခြင်းဖြစ်ပါသည်။

http://www.dhammadownload.com

ရွှေစည်းမျဉ်းသဒ္ဒါ သင်္ခေပကျမ်း

နမောတဿ ဘဂဝတော အရဟတော သမ္မာ သမ္ပုဒ္ဓဿ

၁။ **အတ္ထော အက္ခရသညာတော။** ခပ်သိမ်းသော သဒ္ဒါတို့၏အနက်ကို အက္ခရာတို့ဖြင့်သာလျှင်ကောင်းစွာ သိအပ်မှတ်အပ်၏။

သညာဝိဓာန

၂။ **အက္ခရာပါဒယော ဧကစတ္တာလီသံ။** အ-အစရှိသော လေးဆယ့်တလုံးသောဝဏ္ဏ တို့ကို အက္ခရာအမည်မှည့်သည်။

ပုံစံ။ အ. အာ. ဣ. ဤ. ဥ. ဦ. ဧ. ဩ. က ခ ဂ ဃ င၊ စ ဆ ဇ ဈ ည၊ ဋ ဌ ဍ ဎ ဏ၊ တ ထ ဒ ဓ န၊ ပ ဖ ဗ ဘ မ၊ ယ ရ လ ဝ သ ဟ ဋ, အံ, ဟူသည်တို့တည်း။

၃။ **တတ္ထောဒန္တာသရာ အဌ။** အက္ခရာလေးဆယ့်တလုံးတို့တွင် အ-အစဩအဆုံးရှိသောရှစ်လုံး သောအက္ခရာတို့ကို သရအမည်မှည့်သည်။

ပုံစံ။ အ. အာ. ဣ. ဤ. ဥ. ဦ ဧဩ တို့တည်း။

၄။ **လဟုမတ္တာ တယောရဿာ။** သရရှစ်လုံးတို့တွင် ပေါ့ပါးလျင်မြန်သော အတိုင်းအရှည်ရှိ သရတို့ကို ရဿအမည်မှည့်သည်။

ပုံစံ။ အ. ဣ. ဥ တို့တည်း။

၅။ **အညေဒီဃာ။** သရရှစ်လုံးတို့တွင်ရဿသရသုံးလုံးမှတစ်ပါးသော ငါးလုံးသော သရတို့ကိုဒီဃအမည်မှည့်သည်။

ပုံစံ။ အာ. ဤ. ဦ. ဧ ဩ တို့တည်း။

၆။ **သေသာဗျဥ္ဇနာ။** သရရှစ်လုံးတို့မှကြွင်းကုန်သော အက္ခရာတို့ကို ဗျည်းအမည်မှည့်သည်။

ပုံစံ။ က ခ ဂ ဃ င၊ စ ဆ ဇ ဈ ည၊ ဋ ဌ ဍ ဎ ဏ၊ တ ထ ဒ ဓ န၊ ပ ဖ ဗ ဘ မ၊ ယ ရ လ ဝ သ ဟ ဋ အံ တို့တည်း။

၇။ **ဝဂ္ဂါပဥ္စ ပဥ္စသော မန္တာ။** ဗျည်းတို့တွင် ကအစ မအဆုံးရှိသော နှစ်ဆယ့်ငါးလုံး ဗျည်းတို့ကို ငါးလုံးတစ်စု ငါးလုံးတစ်စုကို ဝဂ်အမည် မည့်သည်။

ပုံစံ။ ကဝဂ် = က ခ ဂ ဃ င၊

http://www.dhammadownload.com

စဝဂ် - စ ဆ ဇ ဈ ည၊

ဋဝဂ် - ဋ ဌ ဍ ဎ ဏ၊

တဝဂ် - တ ထ ဒ ဓ နဲ၊

ပဝဂ် - ပ ဖ ဗ ဘ မ တို့တည်း။

၈။ အံ ဣတိ နိဂ္ဂဟိတံ။ အံ-ဟုသော ဗိန္ဒုပြောက်ကို နိဂ္ဂဟိတ်အမည်မှည့်သည်။

၉။ ပရသမညာ ပယောဂေ။ တစ်ပါးသော သဣတကျမ်းတို့မှ လာသော အမည်သညာတို့ကို ယှဉ်စပ်သင့်ရာ၌ ဤကစ္စည်းကျမ်း၌လည်း သုံးစွဲသင့်သောယောသ၊ အယောသ တို့ကိုပြသည်။

ပုံစံ။ယောသ။ ဂ ယ ငဲ ဇ ဈ ည၊ ဍ ဎ ဏ၊ ဒ ဓ နဲ၊ ဗ ဘ မ၊ ယ ရ လ ဝ သ ဟ ဋ တို့တည်း။

အယောသ။ က ခ၊ စ ဆ၊ ဋ ဌ၊ တ ထ၊ ပ ဖ သ တို့တည်း။

သရသန္ဓိဝိဓာနကဏ္ဍ

၁၀။ ပုဗ္ဗမဓောဌိတ မဿရံသရေန ဝိယောဇယေ။ ပရာသယဖြစ်သော ရှေ့ဗျဉ်းကိုရှေ့ဟုဆိုအပ်သော အောက်၌အစဉ်မပျက်တည်ထားဖို့ရန် သရကင်းအောင် မှီရာသရမှ ခွင်းရ ခွဲရွှေ့ရမည်ကိုပြသည်။

ပုံစံ။ ပုဒ်စပ် ပုဒ်ဖြတ်

တတြာယမာဒိ ၊ တတြ+အယံ+အာဒိ။

၁၁။ နယေပရံယုတ္တေ။သန္ဓိစပ်သင့်ရာ၌ သရကင်းသော ဗျည်းကိုနောက်အက္ခရာသို့(ဝါ)သရသို့ဆောင်ကပ်လေဟုပြသည်။

ပုံစံ။ ပုဒ်စပ် ပုဒ်ဖြတ်

တတြာဘိရတိမိစ္ဆေယျ ၊ တတြ+အဘိရတိံ+ဣစ္ဆေယျ။

ယုတ္တေ၏ကိသဒ္ဒါပုံစံ။

အက္ကောစ္ဆိမံ+အဝဓိမံ+အဇိနိမံ+အဟာသိမေ။

၁၂။ သရာသရေ လောပံ။ နောက်သရကြောင့်ရှေ့သရတို့ကိုချေသည်။

http://www.dhammadownload.com

ပုံစံ။ ပုဒ်စပ် ပုဒ်ဖြတ်

ယသိန္ဒြိယာနိ ယသ+ဣန္ဒြိယာနိ

သမထဝိတာနိ သမထ+ဝိတာနိ

နောဟေတံဘန္တေ နောဟိ+ဧတံ

သမေတာယသ္မာ သမေတု+အာယသ္မာ

ရှုပ်တွက်။ ယသိန္ဒြိယာနိကို 'ယသ+ ိ န္ဒြိယာနိ' ဟုပုဒ်ဖြတ်၊ ပုဗ္ဗမဟော ဋ္ဌိတမသ္သရံသရေနဝိယောဇယေသုတ်ဖြင့်, ၊သရမ္ဘသ်ဗျည်းကို ခွင်း၍ ရှေ့ဟုဆိုအပ်သောအောက်၌ အစဉ်မပျက်ထား, သရာသရေ လောပံသုတ် ဖြင့် နောက် ိ သရကြောင့် ရှေ့ ၊သရကိုချေ, နယေပရံ ယုတ္တေ သုတ်ဖြင့် သရကင်းသောသ်ဗျည်းကိုနောက် ိ သရသို့ကပ်, ယသိန္ဒြိယာနိက ပြီး၏။

အမှာ။သင်ပုန်း၌ချ၍လက်တွက်ပြသည့်အခါ ဤကဲ့သို့ပြောင်းလွဲ ဖြစ်ပေါ်ပုံ အဆင့်ဆင့်ဖြစ်ပါလိမ့်မည်။

ယသ ိ န္ဒြိယာနိ (ပုဒ်ဖြတ်ထားပုံ)

ယသ်၊ ိ န္ဒြိယာနိ (၊ သရမ္ဘသ်ဗျည်းကိုခွင်းထားပုံ)

ယသ် ိ န္ဒြိယာနိ (၊ သရကျေနေပုံ)

ယသိန္ဒြိယာနိ ဆောင်ကပ်၍ပင်ကိုယ်အတိုင်းပြီးနေပုံ

၁၃။ ဝါပရော အသရှပါ။ သုတိမတူသော ရှေ့သရမ္ဘနောက်သရကို အချို့ချေသည်။

ပုံစံ။ ပုဒ်စပ် ပုဒ်ဖြတ်

စတ္တာရော မေ ဘိက္ခဝေ ဓမ္မာ စတ္တာရော+ဣမေ

ကိန္နုမာဝ သမဏိယော ကိန္နု + ဣမာဝ

ဝါသဒ္ဒါ ကိပြယုဂ်

ပဋ္ဌိန္ဒြိယာနိ ပဋ္ဌ + ဣန္ဒြိယာနိ

တယသုဓမ္မာ ဇဟိတာဘဝန္တိ တယော + အသုဓမ္မာ။

http://www.dhammadownload.com

ရှုပ်တွက်။ စတ္တာရောမေကို 'စတ္တာရော+ ိ မေ'ဟု ပုဒ်ဖြတ်၊ ပုဗ္ဗမဟောဠိတ
မဿရံသရေန ဝိယေဇယေသုတ်ဖြင့် ၎ါသရမ္ဗ ရ်ဗျည်းကို
ခွင်း၍ရှေ့ဟုသောအောက်ခ္ခအစဉ်မပျက်ထား, ဝါပရောအသရှုပါ သုတ်ဖြင့်
ရှေ့၎ါ သရမ္ဗသုတိမတူသော နောက် ိ သရကိုချေ၊, နယေပရံ ယုတ္တေ
သုတ်ဖြင့် သရကင်းသောရ်ဗျည်းကို နောက် ၎ါ သရသို့ကပ် စတ္တာရောမေက
ပြီး၏။

၁၄။ ကွစာ သဝဏ္ဏံလုတ္တေ။ ရှေ့သရကျေပြီးသော် နောက်သရကိုအချို့
အရာ၌ ဏ္ဍကိုဇ, ဉကိုသြ အဝဏ်ပြုသည်။

ပုံစံ။ သချီနောပေတိဝေဒဂူ သချီန+ဉပေတိ
ဗန္ဓုသော သမာဂမော ဗန္ဓုသ + ဏ္ဍ

ကွစိသဒ္ဒါ ကိပြယုဂ်

ယသိန္ဒြိယာနိ ယသ + ဏ္ဍန္ဒြိယာနိ
တထူပမံ ဓမ္မဝရံအဒေသယိ တထာ + ဉပမံ

ရှုပ်တွက်။ ဗန္ဓုသောဝကို 'ဗန္ဓုသ ိ ဝ' ဟုပုဒ်ဖြတ်၊ ပုဗ္ဗမဟောဠိတမဿရံ
သရေနဝိယောဇယေ သုတ်ဖြင့် ၊ သရမ္ဗသ်ဗျည်းကိုခွင်း၍ ရှေ့
ဟုသော အောက်ခ္ခအစဉ်မပျက်တည်ထား(ဗန္ဓုသ်၊ ိ ဝ)သရာသရေလောပ်
သုတ်ဖြင့် ရှေ့ ၊သရကိုချေ၊, ကွစာသဝဏ္ဏံလုတ္တေ သုတ်ဖြင့် နောက် ိ သရကို
ဇ-အ ဝဏ်ပြု နယေပရံယုတ္တေ သုတ်ဖြင့် သ်ဇသို့ကပ်၊, ဗန္ဓုသော ဝ ကပြီး၏။

နောပေတိကို'နန+ပေတိ'ဟုပုဒ်ဖြတ်၊ နိ၌ခွင်းသရာသရေလောပ်သုတ်ဖြင့်
ရှေ့ ၊သရကိုချေ၊ ကွစာသဝဏ္ဏံလုတ္တေ သုတ်ဖြင့် ရှေ့ ၊သရချေပြီးသော်
နောက်သရကို ၎ါအဝဏ်ပြု, နိ၎ါသို့ကပ်, နောပေတိကပြီး၏။

(ဆောင်)အဆင်းပုံဟန်ဌာန်တူသမ္ဘအစွဲပြု၍နှစ်ခုတွဲကာအနှင့်အာ ယူဏ္ဍဏ္ဍျှပ်ဟူ
ဉ ဉ သ ဝ ဏ္ဏ၊အဆင်းပုံဟန် ဌာန်တူမနှော, ဇနှင့်သြ မှတ်လော
အသဝဏ္ဏ ဌာန်တစ်စိတ်ချင်တူသည့်ခင်းကြောင့် မယွင်းဆိုဏ္ဍဝဏ်ကို ဇဉဝဏ်
ဒွေး မှတ်ရေးသြပြုရ

http://www.dhammadownload.com

၁၅။ ဒီယံ။ ရှေ့သရကျေပြီးသည်ရှိသော် နောက်ဖြစ်သောသရကို အချို့အရာ၌ဒီယပြုသည်။

ပုံစံ။ သဒ္ဓီဓ ဝိတ္တံပုရိသဿ သေဋ္ဌံ သဒ္ဓါ + ဣဓ
အနာဂါရေဟိ စူဘယံ စ + ဥဘယံ

ကွစိသဒ္ဒါပြယုဂ်

ပဥ္စဟုပါလိ အင်္ဂေဟိ ပဥ္စဟိ + ဥပါလိ
သမန္နာ ဂတော သမန္နာ ဂတော
နတ္ထည် ကိဥ္စိ နတ္ထိ + အည်

ရုပ်တွက်။ သဒ္ဓီဓကို 'သဒ္ဓါ ၀ ဓ' ဟု ပုဒ်ဖြတ်၊ ဒ္ဓ်ခွင်း, သရာသရေလောပံ သုတ်ဖြင့်ရှေ့ါ သရကိုချေ, ဒီယံသုတ်ဖြင့်နောက် ိ သရကို ီ ဒီယပြု ဒ္ဓ် ကို ီ သို့ ကပ် သဒ္ဓီဓကပြီး၏။

၁၆။ ပုဗ္ဗောစ။ နောက်သရကျေပြီးသော် ရှေ့သရကို အချို့အရာ၌ ဒီယပြုသည်။

ပုံစံ။ ကိသူဓဝိတ္တံ ပုရိသဿ သေဋ္ဌံ ကိသု + ဣဓ
သာဓူတိ ပဋိသုဏိတွာ သာဓု + ဣတိ

တွစိသဒ္ဒါ ပြယုဂ်

ဣတိဿ မုဟုတ္တမ္ပိ ဣတိ+အဿ

ရုပ်တွက်။ ကိသူဓကို 'ကိသု ိ ဓ'ဟု ပုဒ်ဖြတ်၊ သ်ခွင်း, (ကိသ် ိ ဓ) ဝါပရော အသရူပါ သုတ်ဖြင့်နောက်ိ သရကိုချေ (ကိသ် ၊ဓ) ပုဗ္ဗောစ သုတ်ဖြင့်ရှေ့ ၊ ကို ။ ဒီယပြု သ်ကို။ သို့ကပ်, ကိသူဓကပြီး၏။

၁၇။ ယမေ ဒန္တဿာ ဒေသော။ နောက်သရကြောင့် တေ,မေ၏အစိတ်ဧ ကိုယပြုသည်။

ပုံစံ။ အဓိဂတော ခေါမျာယံ ဓမ္မော မေ+အယံ
တျာဟံ ဧဝံ ဝဒေယျ တေ + အဟံ
တျာဿ ပဟီနာ ဟောန္တိ တေ + အဿ။

http://www.dhammadownload.com

ကွစိသဒ္ဒါပြယုဂ်

နေနာဂတာ ဣတိ	နေ +အနာဂတာ
နေတ္ထ	နေ+ဇတ္ထ

ရှုပ်တွက်။ မျာယ်ကို 'မေ+အယ်' ဟုပုဒ်ဖြတ်၊ မ်ခွင်း, (မ်ေ ।ယ်) ယမေဒန္တ

သာဒေသော သုတ်ဖြင့် ပုဒ်အဆုံးဖြစ်သော ေ-သရကို'ယ' ပြု,တတိယပိုင်း ဒီယံသုတ်ဖြင့် ।သရကို ।ဒီယပြု, နယေပရံယုတ္တေ သုတ်ဖြင့်သရကင်း သော ယ်ကိုနောက် ।သို့ကပ်,မ်ကိုလည်း ।ာ သို့ကပ်, များယ်ကပြီး၏။

၁၈။ ဝမောဒုဒန္ဓာနံ။ နောက်သရကြောင့်အစိတ်သြ ဥတို့ကို အချို့အရာ၌ ဝပြုသည်။

ပုံစံ။ အထခွသ	အထခေါ+အသ
သွသ	သော+အသ
ဗဟွာဗာဓေ	ဗဟု+အာဗာဓေ
ဝတ္ထေတ္ထ ဝိဟိတံနိစ္စံ	ဝတ္ထု+ဇတ္ထ
စက္ခာပါထမာဂစ္ဆတိ	စက္ခု+အာပါထံ+အာဂစ္ဆတိ

ကွစိသဒ္ဒါပြယုဂ်

စတ္တာရော မေ ဘိက္ခဝေ ဓမ္မာ	စတ္တာရော + ဣမေ
ကိန္နုမာဝ သမဏိယော	ကိန္နု+ဣမာဝ

ရှုပ်တွက်။ အထခွသကို 'အထခေါ ।သ'ဟု ပုဒ်ဖြတ်၊ ခ်ခွင်း,

(အထခ် ေ-ါ ।သ) ဝမောဒုဒန္ဓာနံ သုတ်ဖြင့် ပုဒ်အဆုံးဖြစ်သော ေ-ါကိုဝပြု, နယေ ပရံယုတ္တေသုတ်ဖြင့် ဝ်ကို ।သို့ကပ်,ခ်ကိုလည်း ဝသို့ကပ်,အထ ခွသက ပြီး၏။

ဝတ္ထေတ္ထကို'ဝတ္ထု ဇတ္ထ' ဟုပုဒ်ဖြတ်၊ ဝမောဒုဒန္ဓာနံ သုတ်ဖြင့် ပုဒ်အဆုံးဖြစ်သော ု ကိုဝပြု, နယေပရံယုတ္တေ သုတ်ဖြင့်ဝ် ေ-သို့ ကပ် ဝတ္ထေတ္ထပြီး၏။

http://www.dhammadownload.com

၁၉။ သဗ္ဗောစံတိ။ နောက်သရကြောင့် အလုံးစုံသော တိသဒ္ဒါကိုအချို့၌ စပြုသည်။

ပုံစံ။ ဣစ္စေတံ ကုသလံ ဣတိ+ဧတံ
ဣစ္စသ ဒနိယံ ဣတိ+အသ
ပစ္စုတ္တရိတွာ ပတိ+ဥတ္တရိတွာ
ပစ္စာဟရတိ ပတိ+အာဟရတိ။

ကွစိသဒ္ဒါပြယုဂ်။

ဣတိသ မုဟုတ္တမ္ပိ ၊ ဣတိ+အသ မုဟုတ္တံ+အပိ

ရှုပ်တွက်။ ဣစ္စေတံကို'ဣတိ+ဧတံ'ဟုပုဒ်ဖြတ်၊ သဗ္ဗောစံတိ သုတ်ဖြင့် ဣတိသဒ္ဒါ၏ တိကို စပြု, နယေပရံယုတ္တေ သုတ်ဖြင့် သရကင်းသောစ် ဗျည်းကိုနောက် ၎-သို့ ကပ်,ပရဒ္ဒေဘာဝေါဌာနေ သုတ်ဖြင့် သဒိသဒ္ဒေ ဘော်စ်လာ, ဣစ္စေတံကပြီး၏။

၂၀။ ဒေါဓသစ။ သရကြောင့် ဓကိုအချို့အရာ၌ ဒပြုသည်။

ပုံစံ။ ဧကမိဒါဟံ ဘိက္ခဝေ သမယံ ၊ ဧကံ+ဣဓ+အဟံ

တွစိသဒ္ဒါပြယုဂ်

ဣဓေဝ မရဏံ ဘဝိဿတိ ၊ ဣဓ+ဧဝ

စသဒ္ဒါပြယုဂ်

သာဟုဒဿန မရိယာနံ ၊ သာဓု+ဒဿနံ+အရိယာနံ။

သုတ္တဝိဘာဂပြယုဂ်များ

သုတ်	ပုဒ်စပ်	ပုဒ်ဖြတ်
တောဒဿ	သုဂတော	သုဂဒေါ
ဌောတဿ	ဒုက္ကဋံ	ဒုက္ကတံ
ဓောတဿ	ဂန္ဓဗ္ဗော	ဂန္ဓဗ္ဗော
တြောတ္တဿ	အတြဇော	အတ္တဇော
ကောဂဿ	ကုလူပကော	ကုလူပဂေါ
လောရဿ	မဟာသာလော	မဟာသာရော

http://www.dhammadownload.com

ဇောယဿ	ဂဝဇော	ဂဝယော
ဗ္ဗောဝွဿ	ကုဗ္ဗတော	ကုဝွတော
ကောယဿ	သကေ	သယေ
ယောဇဿ	နိယံပုတ္တံ	နိဇံပုတ္တံ
ကောတဿ	နိယကော	နိယတော
စ္စောတဿ	ဘစ္စော	ဘတ္တော
ဖောပဿ	နိပ္ပတ္တိ	နိပတ္တိ
ခေါကဿ	နိက္ခမတိ	နိကမတိ

ရုပ်တွက်။ ဧကမိဒါဟံကို 'ဧကမိဓ ၊ဟံ' ဟုပုဒ်ဖြတ်၊ ဒေါဓဿစ သုတ်ဖြင့်

ဓကိုဒပြု, ဒ်ဗျည်းကိုခွင်း, (ဧကမိဒ်၊ ဟံ) သရာသရေ လောပံ သုတ်ဖြင့်ရှေ့ ၊သရကိုချေ,ဒီယံ သုတ်ဖြင့် နောက် ၊သရကို ၊ ဒီဃပြု,ဒ် ၊ သို့ကပ်, ဧကမိဒါဟံ ကပြီး၏။

စသဒ္ဒါရုပ်။ သာဟုကို'သာဓု'ဟုတည်၊ ဒေါဓဿစ သုတ်ပါ စသဒ္ဒါဖြင့်

ဓအောက်ခြိုက်ကို 'ဟ' ပြု, သာဟုကပြီး၏။

၂၁။ ဣဝဏ္ဏောယံနဝါ။ နောက်သရကြောင့် ဣဝဏ်ကိုအချို့ယပြုသည်။

ပုံစံ။ ပဋိသန္ဆာရဝုတျဿ ပဋိသန္ဆာရ ဝုတ္တိ+အဿ

သဗ္ဗာဝိတျာနုဘူယတေ သဗ္ဗာဝိတ္တိ+အနုဘူယတေ

နဝါသဒ္ဒါ ပြယုဂ်

ပဋ္ဌဟင်္ဂေဟိ သမန္နာ ဂတော ပဋ္ဌဟိ+အင်္ဂေဟိ

မုတ္တ စာဂီအနုဒ္ဓတော မုတ္တစာဂီ+အနုဒ္ဓတော

ရုပ်တွက်။ ပဋိသန္ဆာရဝုကျဿကို'ပဋိသန္ဆာရဝုတ္တိ၊ဿ'ပုဒ်ဖြတ်၊

ဣဝဏ္ဏောယံနဝါ သုတ်ဖြင့် တ္တိ၏ အစိတ် ိ- ကို ယပြု, နယေပရံယုတ္တေ သုတ်ဖြင့် ယ်ကို ၊သရသို့ကပ်, တ္တ်ကိုလည်း၂သို့ကပ်, ဗျဉ္ဇနောစဝိ သညောဂေါ သုတ်၌ စသဒ္ဒါဖြင့် တ္တ်ဗျည်း၂လုံးတွင် ၁လုံးကို ချေ, ပဋိသန္ဆာရဝုတျဿ ကပြီး၏။

http://www.dhammadownload.com

၂၂။ ဧဝါဒိဿရိ ပုဗ္ဗောစ ရဿော။ ဧဝသဒ္ဒါ၏ အစဧကို ရိပြု၍ ရှေ့ဖြစ်သောသရကိုလည်း အချို့ရဿပြုသည်။

ပုံစံ။ ယထရိဝ ဝသုဓာတလဥ္စသဗ္ဗံ ယထာ+ဧဝ
တထရိဝ ဂုဏဝါသုပူဇနီယော တထာ+ဧဝ

ရုပ်တွက်။ ယထရိဝကို'ယထာဧဝ'ဟု ပုဒ်ဖြတ် ဧဝါဒိဿရိ ပုဗ္ဗေါစရ သော သုတ်ဖြင့် ဧဝသဒ္ဒါ၏ ဧကို ရိပြု၍ ရှေ့ထာ၏ ါ ကိုလည်း၊ ရဿပြု ယထရိဝက ပြီး၏။

၂၃-၃၅။ ယဝမဒနတရလာစာဂမာ။ နောက်သရကြောင့် ယ. ဝ,မ,ဒ,နဲ,တ ရ,လ,အက္ခရာတို့သည်အချို့လာကုန်သည်။

ပုံစံ။ နယိမဿဝိဇ္ဇာ နဲ+ဣမဿ - (ယ)
ယထယိဒံ စိတ္တံ ယထာ+ဣဒံ - (ယ)
မိဂီဘန္တာဝုဒိက္ခတိ မိဂီဘန္တာ+ဥဒိက္ခတိ (ဝ)
သိတ္တာတေ လဟုမေဿတိ လဟု+ဧဿတိ (မ)
အသိတ္တာတေ ဂရုမေဿတိ ဂရု+ဧဿတိ (မ)
အဿော ဘဒြောကသာမိဝ ကသာ+ဣဝ (မ)
သမ္မဒညာဝိမုတ္တာနံ သမ္မာ+အညာ (ဒ)
မနသာဒညာ ဝိမုတ္တာနံ မနသာ+အညာ (ဒ)
အတ္တဒတ္ထမဘိညာယ အတ္တ+အတ္ထ+အဘိညာယ(ဒ)
စိရံနာယတိ စိရံ+အာယတိ (နဲ)
ဣတောနာ ယတိ ဣတော+အာယတိ (နဲ)
ယသ္မာ တိဟ ဘိက္ခဝေ ယသ္မာ+ဣဟ ဘိက္ခေဝေ (တ)
တသ္မာ တိဟ ဘိက္ခဝေ တသ္မာ+ဣဟ ဘိက္ခဝေ (တ)
အဇ္ဇ တဂ္ဂေ ပါဏုပေတံ အဇ္ဇ+အဂ္ဂေ (တ)
ဘဗ္ဘိရေဝသမာသေထ သဗ္ဗိ+ဧဝ (ရ)
အာရဂ္ဂေရိဝသာသပေါ အာရဂ္ဂေ+ဣဝ (ရ)
ဆဋ္ဌဘိညာ ဆ+အဘိညာ (လဋ္ဌ)
သဋ္ဌာယတနံ ဆ+အာယတနံ (လဋ္ဌ)

http://www.dhammadownload.com

ဝါသဒ္ဒါပြယုဂ်

ဧဝံမဟိဒ္ဓိယာ ဧသော	ဧဝံမဟိဒ္ဓိယာ+ဧသော
အဂ္ဂေါ့ဘိမံ အဝဓိမံ	အဂ္ဂေါ့ဘိမံ+အဝဓိမံ
အဇိနိမံ အဟာသိမေ	အဇိနိမံ+အဟောသိမေ
အဇေယ္ယော အနုဂါမိကော	အဇေယ္ယော+အနုဂါမိကော

စသဒ္ဒါ အကျိုးပြပြယုဂ်

စိရပ္ပဝါသီ	စိရံ+ပဝါသီ
သဒတ္ထပသုတော သိယာ	သကတ္ထ+ပသုတော
သုဂတော	သုဂဒေါ

ရှုပ်တွက်။ နယိမသဿကို'နဲ့ မသ'ဟု ပုဒ်ဖြတ်၊ ယဝမဒန တရလာစာ ဂမာသုတ်ဖြင့်နောက် ဲ့ သရကြောင့် ယ်လာ,နယိမသဿကပြီး၏။ ယထယိဒံကို'ယထာ+ဒံ' ဟုပုဒ်ဖြတ်၊ ယဝမဒနတရလာစာဂမာ သုတ်ဖြင့်နောက် ဲ့သရကြောင့် ယ်လာ, ထ်ခွင်း ၂ ကြွင်း ရှေ့ ၂ ကို ချေ, ယ် ဲ့ သို့ကပ်,ယထယိဒံကပြီး၏။

၂၄-၄၂။ ဂေါသရေ ပုထဿာဂမောကွစိ။ နောက်သရကြောင့် ပုထနိပါတ် ပုဒ်၏အဆုံး၌ အချို့ဂလာခြင်းပြုသည်။

ပုံစံ။ ပုထဂေဝ ၊ ပုထ+ဧဝ

ကွစိသဒ္ဒါပြယုဂ်

ပုထဧဝ ၊ ပုထ+ဧဝ

ရှုပ်တွက်။ ပုထဂေဝကို'ပုထ+ဧဝ' ဟုပုဒ်ဖြတ်၊ ဂေါသရေပုထဿာဂမော ကွစိ သုတ်ဖြင့် နောက်ဧသရကြောင့် ပုထနိပါတ်၏အဆုံး၌ ဂ်လာပုထဂေဝက ပြီး၏။

၂၅-၄၃။ ပါဿစန္ဓော ရဿော။ နောက်သရကြောင့် ပါနိပါတ်၏ အဆုံး၌ အချို့ဂလာပြီးပါ၏ အစိတ်အာကိုလည်း အရဿပြုသည်။

ပုံစံ။ ပဂေဝ ဝုတ္ကဿ ၊ ပါ+ဧဝဝုတ္ကဿ

ကွစိသဒ္ဒါ။ ပါဧဝ+ဝုတ္ကဿ

http://www.dhammadownload.com

ရုပ်တွက်။ ပဂေဝကို'ပါ+ဧဝ'ဟုပုဒ်ဖြတ်,ပါသစန္တောရသော သုတ်ဖြင့် နောက်ဧသရကြောင့် ပါနိပါတ်၏ အဆုံး၌ ဂ်လာ၍ ပါ၏အစိတ် ါ ကိုလည်း ၊ ရသပြု,ပဂေဝကပြီး၏။

၂၆/၄၄။အဗ္ဘောအဘိ။နောက်သရကြောင့် အဘိဥပသာရပုဒ်ကို အဗ္ဘပြု သည်

ပုံစံ။ အဗ္ဘုဒီရိတံ အဘိ+ဥဒီရိတံ
အဗ္ဘုဂ္ဂစ္ဆတိ အဘိ+ဥဂ္ဂစ္ဆတိ။

ရုပ်တွက်။ အဗ္ဘုဒီရိတံတို 'အဘိ+ ုဒီရိတံ' ဟုပုဒ်ဖြတ်, အဗ္ဘောအဘိသုတ် ဖြင့်နောက် ု သရကြောင့် အဘိဥပသာရပုဒ်ကို အဗ္ဘပြု, ဗ်ခွင်း, သရာသ ရေလောပံ သုတ်ဖြင့်ရှေ့ ၊သရကို ချေဗ္ဘုသို့ကပ်, အဗ္ဘုဒီရိတံ ကပြီး၏'။

၂၇/၄၅။အဇ္ဇောအဓိ။ နောက်သရကြောင့် အဓိဥပသာရပုဒ်ကို အဇ္ဇပြုသည်။

ပုံစံ။ အဇ္ဇောကာသေ ၊ အဓိ+ဩကာသေ
အဇ္ဇာဂမာ ၊ အဓိ+အာဂမာ။

ရုပ်တွက်။ အဇ္ဇောကာသေကို'အဓိ ေါ ကာသေ'ဟုပုဒ်ဖြတ်, အဇ္ဇောအဓိ သုတ်ဖြင့် နောက်ေါသရကြောင့် အဓိဥပသာရပုဒ်ကို အဇ္ဇပြု, ဇ္ဇ်ခွင်း,သရာ သရေလောပံသုတ်ဖြင့် ရှေ့သရကိုချေ, ဇ္ဇ်ေါသို့ကပ်, အဇ္ဇောကာသေပြီး။

၂၈/၄၆။ တေနဝါဣဝဏ္ဏေ။ ဣဝဏ်ကြောင့် ထိုအဘိ,အဓိပုဒ်တို့ကို အဗ္ဘ, အဇ္ဇရုပ် အပြုတို့ မပြုရဟု အချို့တားမြစ်သည်။

ပုံစံ။ အဘိစ္ဆိတံ အဘိ+ဣစ္ဆိတံ
အဓိရိတံ အဓိ+ဤရိတံ

ဝါသဒ္ဒါပြယုဂ်

အဗ္ဘီရိတံ အဘိ+ဤရိတံ
အဇ္ဇိဏမုတ္တော အဓိ+ဣဏမုတ္တော

ရုပ်တွက်။ အဘိစ္ဆိတံကို'အဘိ ိ စ္ဆိ တံ'ဟုပုဒ်ဖြတ် အဗ္ဘောအဘိသုတ်ဖြင့် နောက် ိသရကြောင့်အဘိကို အဗ္ဘပြုမည်ဖြစ်သော်လည်း တေနဝါ

http://www.dhammadownload.com

ဣ၀ ဣ၀ သုတ်ကတားမြစ်သောကြောင့် မပြုရ, ဘ်ခွင်း, သရာသရေ လောပ်သုတ် ဖြင့်ရှေ့ ိ သရကိုချေ,နယေပရံယုတ္တေသုတ်ဖြင့်ဘ် ိ သို့ကပ်, အဘိစ္ဆိတ်က ပြီး၏။

၂၉-၄၇။ အတိသမ္ဘဿ။ ဣ၀ဏ်ကြောင့် အတိဥပသာရ၏ အစိတ်တိ ကို သဗ္ဗောစ်တိ သုတ်၌ ဆိုအပ်ခဲ့ပြီးသော စပြုခြင်းကို ဒီသုတ်၌ မပြုရ ဟုတားမြစ်သည်။

ပုံစံ။ အတိသိဂဏော အတိ+ဣသိဂဏော
အတိရိတံ အတိ+ဣရိတံ။

ဣ၀ဏ္ဏ သဒ္ဒါပြယုဂ်

အစ္ဆန္ဒံ ၊ အတိ+အန္ဒံ။

ရှုပ်တွက်။ အတိသိဂဏောကို 'အတိ ိ သိဂဏော' ဟုပုဒ်ဖြတ်, သဗ္ဗောစ်တိ သုတ်ဖြင့် နောက် ိ သရကြောင့် အတိ၏ အဆုံးတိကို စပြုမည် ဖြစ်သော်လည်း အတိသမ္ဘဿ သုတ်က တားမြစ်သောကြောင့် မပြု ရတ် ခွင်း သရာသရေလောပ်သုတ်ဖြင့် ရှေ့ ိ သရကိုချေ, ဒုတိယပိုင်း ဒီယံသုတ်ဖြင့် နောက် ိ သရကို ဒီယပြု တ် ိ သို့ကပ်,အတိသိဂဏော ကပြီး၏။

အစ္ဆန္ဒံကို 'အတိ-၊ န္ဒံ'ဟုပုဒ်ဖြတ်၊ သဗ္ဗောစ်တိ သုတ်ဖြင့် အတိသဒ္ဒါ ၏အဆုံးတိကို စပြု, ထိုပြုခြင်းကို တေနဝါဣ္ဣ၀ဏ္ဏေသုတ်ဖြင့် အတိသဒ္ဒါ နောင် ဣ၀ဏ်မဟုတ်သောကြောင့် မတားမြစ်နိုင်, ပရဒ္ဒေဘာ၀ေဘာနေ သုတ်ဖြင့်စ၏ သဒ်သဒ္ဒေးဘော်စ်လာ,စ္ဆ ,သရသို့ကပ်,အစ္ဆန္ဒံကပြီး၏။

ပကတိသန္ဓိ၀ိဓာန

၃၀-၃၂။ သရာပကတိ ဗျဥ္ဇနေ။ နောက်ဗျည်းကြောင့်ရှေ့သရတို့ကို ပကတိပြုသည်။

ပုံစံ။ မနောပုဗ္ဗင်္ဂမာ၀မ္ဘာ မနော+ပုဗ္ဗင်္ဂမာ၀မ္ဘာ
ပမာဒေါမစ္ဆုနောပဒံ ပမာဒေါ+မစ္ဆုနောပဒံ
တိဏ္ဏောပါရင်္ဂတောအဟု တိဏ္ဏော+ပါရင်္ဂတော+အဟု

http://www.dhammadownload.com

ရုပ်တွက်။မနောပုဗ္ဗင်္ဂမာကို 'မနော ပုဗ္ဗင်္ဂမာ'ဟုပင်တည်၊ နိ်ခွင်း,(မန်ေါ ပုဗ္ဗင်္ဂမာ) သရာပကတိဗျဥ္ဇနေသုတ်ဖြင့် နောက်ပပစ္စည်းကြောင့် ရှေ့ ေါ ကိုေါဟုပင်ပင်ကိုယ် အတိုင်း ပကတိပြု, နယေပရံယုတ္တေ သုတ်ဖြင့်နိ ေါသို့ ကပ်,မနောပုဗ္ဗင်္ဂမာကပြီး၏။

၃၁-၂၄။သရေကွစိ။ နောက်သရကြောင့် ရှေ့သရတို့ကို အချို့အရာ၌ ပကတိပြုသည်။

ပုံစံ။ ကော ဣမံ ပထဝိ ဝိစေဿတိ ၊ ကော+ဣမံ

ကွစိသဒ္ဒါပြယုဂ်

အပ္ပဿုတာယံပုရိသော ၊ အပ္ပဿုတော+အယံ+ပုရိသော

ရုပ်တွက်။ ကောဣမံကို 'ကောဣမံ' ဟုပင်တည်၊ က်ခွင်း,သရေကွစိသုတ် ဖြင့်ရှေ့ေါသရကိုပင်ကိုယ်အတိုင်းထား,က်ေါသို့ကပ်, ကောဣမံ ကပြီး၏။

ဗျဥ္ဇနသန္ဓိဝိဓာန

၃၂-၂၅။ ဒီဃံ။ နောက်ဗျည်းကြောင့် ရှေ့သရတို့ကို အချို့ဒီဃပြုသည်။

ပုံစံ။ သမ္မာ ဓမ္မံဝိပဿတော သမ္မ+ဓမ္မံဝိပဿတော
ဧဝံ ဂါမေမုနီစရေ မုနိ+စရေ
ခန္တီပရမံ တပေါတိ တိက္ခာ ခန္တိ+ပရမံ၊

ကွစိသဒ္ဒါ-ပြယုဂ်

ဣဓမောဒတိ ဣဓ+မောဒတိ
ပေစ္စမောဒတိ ပေစ္စ+မောဒတိ
ပတိလီယတိ ပတိ+လီယတိ
ပဋိဟညတိ ပဋိ+ဟညတိ

ရုပ်တွက်။ သမ္မာဓမ္မံကို 'သမ္မ ဓမ္မ'ဟုတည်၊ မ်ခွင်း, ၊ကြွင်း ဒီဃံသုတ်ဖြင့် နောက် ဓ ဗျည်းကြောင့်ရှေ့ ၊သရကို ါ ဒီဃပြု,မ်ွ ါ သို့ကပ်, သမ္မာဓမ္မံက ပြီး၏။

၃၃-၂၆။ရဿံ။ နောက်ဗျည်းကြောင့်ရှေ့သရတို့ကိုအချို့ရဿပြုသည်။

http://www.dhammadownload.com

ပုံစံ။ ဘောဝါဒိ နာမသော ဟောတိ ဘောဝါဒိ+နာမ
ယထာဘာဝိ ဂုဏောနသော ယထာဘာဝိ+ဂုဏောန

ကွစိသဒ္ဒါပြယုဂ်

သမ္ဘာသမာဓိ သမ္ဘာ+သမာဓိ
သာဝိတ္ထိဆန္ဒသောမုခံ သာဝိတ္ထိ+ဆန္ဒသောမုခံ
ဥပနိယတိ ဇိဝိတမပ္ပမာယု ဥပနိ+ယတိ။

ရှုပ်တွက်။ ဘောဝါဒိနာမကို 'ဘောဝါဒိနာမ'ဟုတည်း၊ ဒ်ခွင်း,ရသံသုတ် ဖြင့်နောက်နဗျည်းကြောင့်ရှေ့ ိ သရကို ိ ရသပြု,ဒ် ိ သို့ကပ်, ဘောဝါ ဒိနာမ ကပြီး၏။

၃၄-၂၃။လောပဠွတတြာကာရော။ နောက်ဗျည်းကြောင့် ရှေ့သရတို့ကို ချေ၍ထိုရှေ့သရတို့ ကျေရာ၌အ-အက္ခရာလာသည်။

ပုံစံ သသီလဝါ သော+သီလဝါ
သပညဝါ သော+ပညဝါ
ဧသဝမ္ဘော သနန္ဓနော ဧသော+ဝမ္ဘော
သဝေ ကာသာဝ မရဟတိ သော+ဧဝ
သမာန ကာမောပိ ဘဝေယျ သော+မာနကာမောပိ
သဝေမုနိဇာတိဘယံအဒသိ သော+ဧဝ

ကွစိ-သဒ္ဒါပြယုဂ်

သောမုနိ သော+မုနိ
ဧသော ဝမ္ဘော ပဒိသတိ ဧသော+ဝမ္ဘော
နသော ကာသာဝ မရဟတိ နသော+ကာသာဝ+အရဟတိ။

ရှုပ်တွက်။ သသီလဝါကို 'သော-သီလဝါ'ဟုပုဒ်ဖြတ်၊သ်ခွင်း,လောပဠွတ ကြောကာရောသုတ်ဖြင့်ေါ်ကိုချေ,၍ထိုေါ်ကျေရာ၌ ၊လာ,သ် ၊သို့ကပ်, သသီလဝါကပြီး၏။

၃၅-၂၈။ပရဒ္ဓေဘာဝေါ ဌာနေ- သင့်လျော်သောအကြောင်းရှိသော်နောက် ဗျည်းကိသဒ်သဒ္ဒေးကော်ပြ၊ကျ,ရ်။

http://www.dhammadownload.com

ပုံစံ	ဣဓပွမာဒေါ	ဣဓ+ပမာဒေါ
	ပုရိသဿ ဇန္တုနော	ပုရိသ+သဇန္တုနော
	ပဗ္ဗဇ္ဇံ ကိတ္တယိဿာမိ	ပ+ဗဇ္ဇံ ကိတ္တယိဿာမိ
	စာတုဒ္ဒသိ	စာတု+ဒသိ
	ပဉ္စဒ္ဒသိ အဘိက္ကန္တရော စန္ဒော	ပဉ္စ+ဒသိ

ဌာနေ-သဒ္ဒါပြယုဂ်

ဣဓမောဒတိ	ဣဓ+မောဒတိ
ပေစ္စ မောဒတိ	ပေစ္စ+မောဒတိ

ရုပ်တွက်။ ဣဓပွမာဒေါကို 'ဣဓပမာဒေါ' ဟုတည်,ပရဒွေဘာဝေါဌာနေ သုတ်ဖြင့် ပ်ဗျည်း၏သဒိသဒွေးဘော်ပ်လာ,ဣဓပွမာဒေါကပြီး၏။

၃၆-၂၉။ဝဂ္ဂေယောသာယောသာနံ တတိယပဌမာ။ သင့်လျော်သော အကြောင်းရှိသော် ငါးပါးသောဝဂ်၌ စတုတ္ထအက္ခရာသို့ တတိယ အက္ခရာ အသဒိသလာခြင်း ယောသဝင်း,ဒုတိယအက္ခရာသို့ ပဌမ အက္ခရာလာ ခြင်း အယောသအားဖြင့်ဝင်းဒွေးဘော်ပြုသည်။

ပုံစံ။	ဧသေဝ စဇ္ဇာနပ္ပလော	ဧသေဝစ+ဈာနပ္ပလော
	ယတြဋ္ဌိတံ နပ္ပသဟေယျ မစ္စု	ယတြ+ဋ္ဌိတံ
	သေလေ ယထာ ပဗ္ဗတ မုဒ္ဓနိဋ္ဌိတော	မုဒ္ဓနိ+ဋ္ဌိတော
	စတ္တာရိဌာနာနိနရော ပမတ္တော	စတ္တာရိ+ဌာနာနိ။

ဌာနေ -သဒ္ဒါပြယုဂ်

ဣဓ စေတသော	ဣဓ+စေတသော
ဒဋ္ဌံ ဂဏ္ဌာတိ ထာမသာ	ဂဏ္ဌာတိ+ထာမသာ

ရုပ်တွက်။ စဇ္ဇာန နပ္ပလောကို 'စ ဈာန+နဖလော'ဟုတည်၊ ဝဂ္ဂေယော သာယောသာနံတတိယပဌမာ သုတ်ဖြင့် စတုတ္ထအက္ခရာစျ၏ အသဒိသ ဒွေးဘော်ဇ်လာ,ဒုတိယအက္ခရာဖ၏ အသဒိသ ဒွေးဘော်ပ်လာ, စဇ္ဇာန နပ္ပလောကပြီး၏။

၃၇-၃၆။ ကွစိသြဗျဥ္ဇနေ။ နောက်ဗျည်းကြောင့် အချို့အရာ၌ သြအက္ခရာ လာသည်။

http://www.dhammadownload.com

ပုံစံ။ အတိပွဂေါ ခေါတာဝ အတိပွ+ခေါ
ပရော သဟဿံ ပရ+သဟဿံ

ကွစိသဒ္ဒါ-ပြယုဂ်

ဧထပဿ ထိမံလောကံ ဧထ+ပဿထ+ဣမံလောကံ
အန္ဓိဘူတော အယံလောကော အန္ဓိ+ဘူတောအယံ+လောကော

ရုပ်တွက်။ အတိပွဂေါခေါကို'အတိပွခေါ'ဟု ပုဒ်ဖြတ်,ကွစိသြဗျဥ္ဇနေ သုတ်ဖြင့်နောက်ခဗျည်းကြောင့်ရှေ့၌ ေါ သရလာ, ယဝမဒနတရလာစာဂမာသုတ်၌ စသဒ္ဒါဖြင့် နောက် ေါ သရကြောင့်ဂ်လာ, အတိပွဂေါခေါကပြီး၏။

၃၈-၄၈။ ကွစိပဋိပတိဿ။ နောက်ဖြစ်သောသရကြောင့်ဌင်းဗျည်းကြောင့် ဌင်းပတိဥပသာရကိုအချို့ပဋိပြုသည်။

ပုံစံ။ ပဋ္ဌဂ္ဂိဒါတဗ္ဗော ပတိ+အဂ္ဂိဒါတဗ္ဗော
ပဋိဟညတိ ပတိ+ဟညတိ။

ကွစိသဒ္ဒါ ပြယုဂ်

ပစ္စန္တိမေသု ဇနပဒေသု ပတိ+အန္တိမေသု ဇနပဒေသု
ပတိလီယတိ ပတိ+လီယတိ
ပတိရူပ ဒေသဝါသောစ ပတိ+ရူပဒေသဝါသောစ

ရုပ်တွက်။ ပဋ္ဌဂ္ဂိကို'ပတိ၊ ဂ္ဂိ'ဟုပုဒ်ဖြတ်၊ ကွစိပဋိပတိဿ သုတ်ဖြင့် နောက်၊သရကြောင့်ပတိကိုပဋိပြု,ဋ်ခွင်း,သရာသရေလောပံသုတ်ဖြင့်ရှေ့ိသရ ကိုချေ,ဋ်၊ သရကိုတပ်,ပဋ္ဌဂ္ဂိကပြီး၏။

ပဋိဟညတိကို 'ပတိဟညတိ' ဟုတည်၊ ကွစိပဋိပတိဿ သုတ်ဖြင့် နောက်ဟဗျည်းကြောင့် ရှေ့ပတိသဒ္ဒါကို ပဋိပြု,ပဋိဟညတိကပြီး၏။

၃၉-၄၉။ ပုထဿု ဗျဥ္ဇနေ။ နောက်ဗျည်းကြောင့် ပုထသဒ္ဒါ၏ အစိတ်အကို ဥပြုသည်။

ပုံစံ။ ပုထုဇ္ဇနော ပုထ+ဇနော
ပုထုဘူတံ ပုထ+ဘူတံ

http://www.dhammadownload.com

အန္တသဒ္ဒါအကျိုးပြ ပြယုဝ်

မနုည်	၊	မနော+အည်

ရှုပ်တွက်။ ပုထုဇနောကို 'ပုထဇနော' ဟုပုဒ်ဖြတ်၊ ပုထသု ဗျဥ္ဇနေ သုတ်ဖြင့် နောက်ဇဗျည်းကြောင့် ရှေ့ပုထသဒ္ဒါ၏အစိတ်၊ကို ၊ သရပြု, ပရ ဒ္ဒေဘာဝေါဌာနေ သုတ်ဖြင့် ဇ၏သဒိသဒ္ဒေးဘော်ဇ်လာ, ပုထုဇနော ကပြီး၏။

၄၀-၅၀။ ဩအဝဿ။ နောက်ဗျည်းကြောင့် အဝဥပသာရပုဒ်ကိုအချို့ဩ ပြုသည်။

ပုံစံ။	အန္ဓကာရေ ဩနဒ္ဓါ	၊	အန္ဓကာရေ+အဝ+နဒ္ဓါ

ကွစိသဒ္ဒါပြယုဝ်

အဝသုဿတုမေ	အဝ+သုဿတုမေ
သရီရေမံသလောဟိတံ	သရီရေမံသလောဟိတံ

ရှုပ်တွက်။ ဩနဒ္ဓါကို 'အဝ+နဒ္ဓါ' တည်၊ ဩအဝဿ သုတ်ဖြင့်နောက်နဗျည်းကြောင့်ရှေ့အဝ ဥပသာရကိုဩပြု,ဩနဒ္ဓါကပြီး၏။

နိဂ္ဂဟိတ သန္ဓိဝိဓာန

၄၁-၃၀။အံဗျဥ္ဇနေ နိဂ္ဂဟိတံ။ နောက်ဗျည်းကြောင့် နိဂ္ဂဟိတ်ကို အံပြုသည်။

ပုံစံ။	ဇေဝုတ္တေ	ဇေဝ+ဝုတ္တေ
	တံသာဓုတိပဋိသုဏိတ္ဝာ	တံ+သာဓု+ဏ္ဍတိ။

ရှုပ်တွက်။ ဇေဝုတ္တေကို 'ဇေဝုတ္တေ' ဟုတည်၊ ဝ်ခွင်း,(ဇေ၀ ၊ ဝုတ္တေ) အံဗျဥ္ဇနေ နိဂ္ဂဟိတံ သုတ်ဖြင့် နိဂ္ဂဟိတ်ကို ၊ပြု,ဝ် ၊ သို့ကပ်,ဇေ၀ုတ္တေကပြီး၏။

၄၂-၃၁။ဝဂ္ဂန္တိ ဝါ ဝဂ္ဂေ။ ဝဂ်ဖြစ်သောကြောင့် နိဂ္ဂဟိတ်ကို နှောင်းသော ဝဂ် ၏ c. ဉ. ဏ. န,မ,ဟူသော ဝဂ္ဂန္တအဖြစ်သို့အချို့ပြုသည်။

ပုံစံ။	တန်ဒ် စ္ဆုတံ	တံ+နိစ္ဆုတံ
	ဓမ္မဥ္စရေသုစရိတံ	ဓမ္မံ+စရေ
	စိရပ္ပဝါသိ	စိရံ+ပဝါသိ
	သန္ဓန္ဓသ မနံဟောတိ	သန္ဓံ+ဓသ
	ဓက်ာရုဏိကံ	ဓံ+ကာရုဏိကံ
	ဇေခေါ ဘိက္ခဝေ သိက္ခိတဗ္ဗံ	ဇေ+ခေါ

http://www.dhammadownload.com

ဝါဂ္ဂဟဏ သဒ္ဒါပြယုဂ်

ပုဂ္ဂလံ ၊ ပုဂ္ဂံအံ

ဝါသဒ္ဒါ ပြယုဂ်

နတံကမ္မံကတံသာဓု ၊ နတံ+ကမ္မံ+ကတံသာဓု

ရုပ်တွက်။ တန္ဓိစ္စုတံကို 'တံနိစ္စုတံ' ဟုတည်၊ ဝဂ္ဂန္တံဝါ ဝဂ္ဂေ သုတ်ဖြင့်

နောက်နဗျည်းကြောင့်ရှေ့တ၏အထက်၌ရှိသော နိဂ္ဂဟိတ်ကို တဝဂ္ဂန္တန်ပြု, နယေပရံယုတ္တေ သုတ်ဖြင့် သရကင်းသောန် ဗျည်းကိုနောက် နသို့ကပ်, တန္ဓိစ္စုတံကပြီး၏။

ပုဂ္ဂလံကို 'ပုဂ္ဂံ ၊ ' ဟုပုဒ်ဖြတ်တည်၊ ဝဂ္ဂန္တံဝါ ဝဂ္ဂေ သုတ်ပါ ဝါဂ္ဂဟဏ သဒ္ဒါဖြင့်ဂ္ဂ၏ အထက်ရှိနိဂ္ဂဟိတ်ကို လပြု,လ ၊သို့ကပ်,ပုဂ္ဂလံက ပြီး၏။

၄၃-၃၂။ ဧဟေဉံ- ဧအက္ခရာ ဟအက္ခရာကြောင့် နိဂ္ဂဟိတ်ကိုအချို့ဥပြု သည်။

ပုံစံ။ ပစ္စတ္တညေဝ ပရိနိဗ္ဗာယိဿာမိ ပစ္စတ္တံ+ဧဝ

တညေဝေတ္ထ ပဋိပုစ္ဆိဿာမိ တံ+ဧဝ+ဧတ္ထ

ဧဝံဦဝေါ ဘိက္ခဝေသိက္ခိတဗ္ဗံ ဧဝံ+ဟိ

တဦတဿ မုသာ ဟောတိ တံ+ဟိ

ဝါသဒ္ဒါ ပြယုဂ်

ဧဝမေတံ အဘိညာယ ဧဝံ+ဧတံ

ဧဝံဟောတိ သုဘာသိတံ ဧဝံ+ဟောတိ

ရုပ်တွက်။ပစ္စတ္တညေဝကို 'ပစ္စတ္တံဧဝ' ဟုပုဒ်ဖြတ်တည်၊ ဧဟေဉံသုတ်ဖြင့်

နောက်ဧကြောင့် တ္တထက်ရှိ နိဂ္ဂဟိတ်ကိုဥ ပြု, ဉ် ဧသို့ကပ်, ပရဒ္ဒေ ဘာဝေါ ဌာနေ သုတ်ဖြင့် ဥ ၏သဒိသဒ္ဒေးဘော် ဉ် လာ,ပစ္စတ္တညေဝပြီး၏။

ဧဝဦကို 'ဧဝံဟိ' ဟုပုဒ်ဖြတ်၊ ဧဟေ ဉံသုတ်ဖြင့်ဝအထက်၌ရှိသော နိဂ္ဂဟိတ်ဥ ပြု်, ဉ် ဟိသိုကပ်, ဧဝဦကပြီး၏။

၄၄-၃၃။ သယေစ။ နောက်ယဗျည်းနှင့်တကွ နိဂ္ဂဟိတ်ကိုအချို့ဥပြုသည်။

http://www.dhammadownload.com

ပုံစံ။ သညောဂေါ သံ+ယောဂေါ
သညုတ္တံ သံ+ယုတ္တံ

ဝါသဒ္ဒါပြယုဂ်

သံယောဂေါ သံ+ယောဂေါ
သံယုတ္တံ သံ+ယုတ္တံ

ရှုပ်တွက်။ သညောဂေါကို 'သံယောဂေါ' ဟုပုဒ်ဖြတ်၊ သယေစ သုတ်ဖြင့် ယနှင့်တကွသအထက်၌ ရှိသောနိဂ္ဂဟိတ်ကိုဥပြု, ပရဒ္ဒေဘာဝေါ ဌာနေ သုတ်ဖြင့် သဒိသဒ္ဒေးဘော်ဥလာ,သညောဂေါကပြီး၏။

၄၅-၃၄။ မဒါသရေ- နောက်သရကြောင့် နိဂ္ဂဟိတ်ကို အချို့မ,ပြုဒေပြုသည်။

ပုံစံ။ တမဟံ ပြုမိဗြာဟ္မဏံ တံ+အဟံပြု မိ ဗြာဟ္မဏံ
ဘေဒဝေါစ သတ္ထာ ဘေဒံ+အဝေါစသတ္ထာ

ဝါသဒ္ဒါ ပြယုဂ်

အဂ္ဂေါ့ဆ္ဆိမ် အဝဓိမ် အဂ္ဂေါ့ဆ္ဆိမ်+အဝဓိမ်
အဇိနိမ် အဟာသိမေ အဇိနိမ်+အဟာသိမေ။

ရှုပ်တွက်။ တမဟံကို 'တံ ၊ဟံ'ဟုပုဒ်ဖြတ်၊ မဒါသရေ သုတ်ဖြင့်တထက်၌ ရှိသော နိဂ္ဂဟိတ်ကိုမ ပြု, မ်ိသို့ကပ်,တမဟံကပြီး၏။

ဘေဒ ဝေါစ ကို 'ဘေဒံ၊ ဝေါစ' ဟုပုဒ်ဖြတ်၊ မဒါသရေသုတ်ဖြင့် တထက်၌ ရှိသောနိဂ္ဂဟိတ်ကိုဒ်ပြု,ဒ်၊ သို့ကပ်,ဘေဒဝေါစကပြီး၏။

၄၆-၃၇။နိဂ္ဂဟီတဠ။ နောက်ဖြစ်သော သရကြောင့်ဂင်း ဗျည်းကြောင့်ဂင်း အချို့အရာ၌ နိဂ္ဂဟိတ်လာသည်။

ပုံစံ။ စက္ခု ဥဒပါဒိ စက္ခု + ဥဒပါဒိ
အဝံသိရော အဝ+သိရော
ယာဝဠ္ဘိ ဘိက္ခဝေ ယာဝ+ဒ+ဗ္ဘဘိက္ခဝေ
ပုရိမံဇာတိ သရာမိ ပုရိမ+ဇာတိ
အဏုံထူလာနိ သဗ္ဗသော အဏု+ထူလာနိ
မနောပုဗ္ဗင်္ဂမာဓမ္မာ မနောပုဗ္ဗ+ဂမာဓမ္မာ

http://www.dhammadownload.com

ကွစိသဒ္ဒါပြယုဝ်

ဣဓေဝ နံပသံသန္တိ ဣဓ+ဧဝနံပသံသန္တိ
ပေစ္စသဂ္ဂေ ပမောဒတိ ပေစ္စ+သဂ္ဂေ ပမောဒတိ
နဟိဧတေဟိ ယာနေဟိ နဟိ+ဧတေဟိယာနေဟိ
ဂစ္ဆေယျ အဂတံဒိသံ ဂစ္ဆေယျ+အဂတံဒိသံ။

စသဒ္ဒါအကျိုးပြယုဝ်

ပစေဿတိ ၊ ဝိစေဿတိ။

ရုပ်တွက်။ စက္ခုံ ဥဒပါဒိကို'စက္ခုဥဒပါဒိ' ဟုပုဒ်ဖြတ်၊ နိဂ္ဂဟိတဉ္စသုတ်ဖြင့်
နောက်ဥသရကြောင့်ကျွနောက်၌ နိဂ္ဂဟိတ်လာ,စက္ခုံဥဒပါဒိက ပြီး၏။
အဝံသိရောကို 'အဝသိရော' ဟုပုဒ်ဖြတ်၊ နိဂ္ဂဟိတဉ္စသုတ်ဖြင့်
သဗျည်းကြောင့် ဝနောက်၌ နိဂ္ဂဟိတ်လာ,အဝံသိရောကပြီး၏။
ပစေဿတိကို 'ဝိစေဿတိ' ဟုတည်၊ နိဂ္ဂဟိတဉ္စ သုတ်ပါ စသဒ္ဒါ
ဖြင့်ဝိကို ပပြု,ပစေဿေတိကပြီး၏။

၄၇-၃၈။ ကွစိလောပံ- သရကြောင့် နိဂ္ဂဟိတ်ကိုအချို့ချေသည်။

ပုံစံ။ တာသာဟံ သန္တိကေ တာသံ+အဟံ သန္တိကေ
ဝိဒူနဂ္ဂမိတိ ဝိဒူနံ+အဂ္ဂံဣတိ

ကွစိသဒ္ဒါ ပြယုဝ်

အဟမေဝ နုန ဗာလော အဟံ+ဧဝ
ဧဝမတ္ထံ ဝိဒိတွာန ဧတံ+အတ္ထံ။

ရုပ်တွက်။ တာသာဟံကို 'တာသံ၊ ဟံ'ဟုပုဒ်ဖြတ်၊ ကွစိလောပံ သုတ်ဖြင့်
နောက် ၊သရကြောင့်ရှေ့သနောက်၌ရှိသော နိဂ္ဂဟိတ် ကိုချေ, သ်ခွင်း,
(ထာသ်၊ ဟံ) သရာသရေလောပံသုတ်ဖြင့် ရှေ့ ၊သရကို ချေ,
ဒီယံသုတ်ဖြင့်နောက် ၊သရကို ၊ ဒီယပြု, သ် ၊ သို့ ကပ်, တာသာဟံကပြီး၏။

၄၈-၃၉။ ဗျဉ္ဇနေစ။ နောက်ဗျည်းကြောင့် နိဂ္ဂဟိတ်ကိုအချို့ချေသည်။

ပုံစံ။ အရိယ သစ္စာနဒဿနံ အရိယသစ္စာနံ+ဒဿနံ
ဧတံ ဗုဒ္ဓါန သာသနံ ဧတံဗုဒ္ဓါနံ+သာသနံ

http://www.dhammadownload.com

ကွစိသဒ္ဒါပြယုဂ်။

တေမဂ်လမုတ္တမ်	တေ+မဂ်လ+ဥတ္တမ်
တံဝေါ ဝဒါမိ ဘဒ္ဒန္တေ	တံ+ဝေါ ဝဒါမိဘဒ္ဒန္တေ

ရှုပ်တွက်။ အရိယ သစ္စာန ဒဿနံကို 'အရိယသစ္စာနံ ဒဿနံ' ဟုတည်၊ ဗျဥ္ဇနေစ သုတ်ဖြင့် နနောက်၌ရှိသော နိဂ္ဂဟိတ်ကိုချေ, အရိယ သစ္စာ နဒဿနံကပြီး၏။

၄၉-၄၀။ပရောဝါသရော။ နိဂ္ဂဟိတ်မှ နောက်ဖြစ်သောသရကိုအချို့ချေ သည်။

ပုံစံ။

ဘာသိတံ အဘိနန္ဒုန္တိ	အဘိနန္ဒုံ+ဣတိ
ဥတ္တတ္တံဝ	ဥတ္တတ္တံ+ဣဝ
ယထာ ဗီဇံဝ	ယထာဗီဇံ+ဣဝ
ယထာ ဧည်ဝ	ယထာ ဧည်+ဣဝ

ဝါသဒ္ဒါပြယုဂ်

အဟမေဝ နုနဗာလော	အဟံ+ဧဝနုန ဗာလော
တေဒဟောသိ	တေံ+အဟောသိ

ရှုပ်တွက်။ အဘိနန္ဒုန္တိကို 'အဘိနန္ဒုံ ဣတိ' ဟုပုဒ်ဖြတ်၊ ပရောဝါသရော သုတ်ဖြင့် နိဂ္ဂဟိတ်မှ နောက်ဖြစ်သော ံ သရကိုချေ,ဝဂ္ဂန္တံဝါဝဂ္ဂေ သုတ်ဖြင့် နိဂ္ဂဟိတ်ကို တဝဂ္ဂန္တ နှ်ပြု,နှ်တိသို့ကပ်,အဘိ နန္ဒုန္တိက ပြီး၏။

၅၀-၄၁။ဗျဥ္ဇနောစ ဝိသညောဝေါ။ နိဂ္ဂဟိတ်မှ နောက်ဖြစ်သောသရကျေ ပြီးသော် သံယောဂဗျည်းကို ဝိသံယောဂဗျည်းပြုသည်။

ပုံစံ။

ဧဝံသတေ အာသဝါ	ဧဝံ+အာသ တေ အာသဝါ
ပုပ္ပံသာ ဥပ္ပဇ္ဇတိ	ပုပ္ပံ+အာသာ ဥပ္ပဇ္ဇတိ

လုတ္တသဒ္ဒါပြယုဂ်

ဧဝမသ	ဧဝံ+အသ
ဝိဒူနဂ္ဂမိတိ	ဝိဒူနံ+အဂ္ဂ+ဣတိ။

http://www.dhammadownload.com

စသဒ္ဒါပြယုဂ်

အဂျာဂါရံ	အဂ္ဂိ+အာဂါရံ
ပဋိသန္ဆာရ ဝုတျဿ	ပဋိသန္ဆာရ ဝုတ္တိ+အဿ။

ရုပ်တွက်။ ဧဝံသကို'ဧဝံ ၊ဿ' ဟုပုဒ်ဖြတ်၊ ပရောဝါသရော သုတ်ဖြင့်

၊သရကိုချေ,ဗျဉ္ဇနောစဝိသညောဂေါ သုတ်ဖြင့် သံယုဂ်ဖြစ်သော ဿကို သံယုဂ်ကင်းသော သပြု,ဧဝံသကပြီး၏။

အဂျာဂါရံကို 'အဂ္ဂိ ါ ဂါရံ' ဟုပုဒ်ဖြတ်၊ ဂ္ဂ်ခွင်း,ဏ္ဍဝဏ္ဏောယံနဝါ သုတ်ဖြင့် ိ ကိုယပြု,ယ် ါသို့ကပ်, ဂ္ဂကိုလည်းယာသို့ကပ်, (အဂ္ဂျာဂါရံ) ဗျဉ္ဇနောစဝိသညောဂေါ သုတ်ပါ စသဒ္ဒါဖြင့် ဂ္ဂ်ဗျည်းနှစ်လုံးတွင် တစ်လုံး ကိုချေ,အဂျာဂါရံကပြီး၏။

၅၁-၄၂။ အနုပဒိဌာနံ ဝုတ္တ ယောဂတော။ ရှေ့၌ မပြအပ်ခဲ့သေးသော

ဥပသာရပုဒ်နိပါတ်ပုဒ်တို့၏ ရုပ်အထူးတို့ကို ဆိုအပ်ခဲ့ကုန်ပြီးသော သရသန္ဓိ,ဗျဉ္ဇနသဒ္ဓိ,ဝုတ္တသန္ဓိစသော သုတ်တို့ဖြင့် သင့်လျော်သလိုပြီးစီး အောင်စီရင်ပါဟု ပရိဘာသာပြုသည်။

ပုံစံ။ သရသန္ဓိ ပြယုဂ်များ

ပါပနံ	ပ+အာပနံ
ပရာယဏံ	ပရံ+အယနံ
	ပရာ+အယနံ
	ပရံ+အာယနံ
ဥပါယနံ	ဥပ+အယနံ
	ဥပ+အာယနံ
ဥပါဟနံ	ဥပ+အာဟနံ
ဣာယောဂေါ	နိ+အာယောဂေါ
နိရုပဓိ	နိ+ဥပဓိ
အနုဗောဓော	အနု+ဗောဓော
ဒုဝူပသန္တံ	ဒု+ဥပသန္တံ

http://www.dhammadownload.com

သုဝူပသန္တံ	သု+ဥပသန္တံ
ဒ္ဒါလယော	ဒု+အာလယော
သ္ဝာလယော	သု+အာလယော
ဒုရာချာတံ	ဒု+အာချာတံ
သ္ဝာချာတော	သု+အာချာတော
ဥဒိရိတံ	ဥ+ဣရိတံ
သမုဒ္ဒိဋ္ဌံ	သံ+ဥဒ္ဒိဋ္ဌံ
ဝိယဂ္ဂံ	ဝိ+အဂ္ဂံ
ဝိမ္ဗဂ္ဂံ	ဝိ+အမိ+အဂ္ဂံ
ဗျဂ္ဂံ	ဝိ+အဂ္ဂံ
အဝယာဂမနံ	အဝ+အာဂမနံ
အနေတိ	အနု+ဧတိ
အနုပယာတော	အနု+ဥပယာတော
အနစ္ဆရိယံ	အန်+အာစ္ဆရိယံ(ရှာ)
	အနု+အစ္ဆရိယံ (ရှာ)
	အန+အစ္ဆရိယံ(နန်းကျောင်း)
ပရိယေသနာ	ပရိ+ဧသနာ
ပရာမာသော	ပရာ+အာမာသော

ဗျဉ္ဇနသန္ဓိပြယုဝ်များ

ပရိဂ္ဂဟော	ပရိ+ဂဟော
ပဂ္ဂဟော	ပ+ဂဟော
ပက္ကမော	ပ+ကမော
ပရက္ကမော	ပရာ+ကမော (ရှ)
	ပရ+ကမော(ကန်)
နိက္ကမော	နိ+ကမော
နိက္ကသာဝေါ	နိ+ကသာဝေါ

http://www.dhammadownload.com

နိလ္လယနံ	နိ+လယနံ
ဒုလ္လယနံ	ဒု+လယနံ
